တပေါစ တော့ မင်္ဂလ မုတ္တမံ၊ မြိုးမြဲစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၂)


**အမျိုးသားညီလာခံ စုံညီအစည်းအဝေး**



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံစုံညီအစည်းအဝေး ဇူဒသမဇူဂရာခိုင်နှုန်းတက်ရောက်၍ အထမြောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၃၀

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြကြသည်။**




ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊

*စာမျက်နှာ ၈ ကော်လံ ၁* ■




**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)**

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

# မြို့ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုမြင့်မားရေး စိတ်ကောင်းစေတနာမွန်ဖြင့် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်

ယနေ့ နိုင်ငံတကာမျက်နှာစာတွင် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကျယ်ပြန့်လာစေရန် နိုင်ငံကြီးအချို့က လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဖိအားပေး အကျပ်ကိုင်မှုအမျိုးမျိုးဖြင့် ၎င်းတို့၏ ဩဇာအာဏာလောင်းရိပ်အောက် ရောက်ရှိစေရေး သွတ်သွင်းရန် ဖန်တီးနေကြသည်။

မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံပီသစွာ နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ကြွားစွာ ရပ်တည်နိုင်ရေးရှေးရှုလျက် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းကြီးများ ချမှတ်၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် စည်ပင်သာယာရေးအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

**"ပြည်သူများနှင့် အမြဲမပြတ်ထိတွေ့ပြီး ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်ကိုသိမြင်ဖြည့်ဆည်းနိုင်စေရန် မိမိတို့ မြို့ရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရင်း ပြည်သူများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ပြည်သူများအပေါ် စေတနာရှေ့ထား စီမံဆောင်ရွက်သွားမှသာ ပြည်သူအများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်း"**

ဆွေးနွေးမှာကြားသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ အထိ နှစ်(၃၀) နှစ်ရှည်စီမံကိန်းတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်းတွင် စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းအတွက် ငွေကျပ် ၁၀၀၂ ဒသမ ၄၅ သန်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၁၀၀ ဒသမ ၉၅ သန်း ကျခံသုံးစွဲခဲ့ပြီး ကျေးလက်လမ်း မိုင် ၁၂၄၀ ကျော်နှင့် ကျေးလက်တံတားပေါင်း ၂၀၆ စင်း တည်ဆောက်ပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်ပြီး (၁၀)နှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၉၁ ဒသမ ၉၄ သန်းသုံးစွဲပြီး အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ကျေးရွာ ၉၆၄ ရွာနှင့် ကျန်ပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၈၇၅ ရွာ စုစုပေါင်းကျေးရွာ ၁၈၃၉ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပ အလှူရှင်များထည့်ဝင်ငွေများဖြင့် ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်မှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်မှုတို့ အပါအဝင် ကျေးရွာပေါင်း ၁၀၆၀၂ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းပေါင်း ၁၅၇၁၅ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို အားရဖွယ် တွေ့မြင်ကြားသိရသည်။

စည်ပင်သာယာရေးအဖွဲ့များသည် မြို့ရွာများ သန့်ရှင်းသပ်ရပ်သာယာစေရေး၊ မြို့နှင့်ရွာများ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းစေရေး၊ ခရီးလမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေး၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထု စိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်စေရေး လုပ်ငန်းများကို မိမိတို့နယ်မြေဒေသလိုအပ်ချက်များအလိုက် စနစ်တကျ စီမံချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိ မြို့ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ဘဝ တိုးတက်ခိုင်မာရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် စိတ်အေးချမ်းမြေ့စွာနေထိုင်နိုင်ရေး အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် မိမိတို့၏ ဌာနဆိုင်ရာတာဝန်များကို အမျိုးသားရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုတာဝန်များအဖြစ် ခံယူပြီး စိတ်ကောင်းစေတနာမွန်တို့ဖြင့် ကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ဇွန် ၆ ရက်က ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံစာသင်တိုက် (ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ ဗိမာန်တော်ကြီး၏ မုခ်ဦးတံခါး မြေညီထပ် လှေကားနှင့် ဗိမာန်တော်ကြီး၏ ပဉ္စမထပ်၌ ဘုရားဂန္ဓကုဋိတိုက် တစ်ခန်းအတွက် အလှူငွေကျပ် ၃၅ သိန်း ၅သောင်းကို ကပ္ပတိန်ထင်ကျော်-ဒေါ်ကြည်မြ မိသားစုတို့က မဟာဓမ္မိကာရုံစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (ကျိုက်ပိကျောင်း) ဆရာတော်ထံသို့ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

## အာဆီယံခရီးသွားလုပ်ငန်းအစည်းအဝေးများဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်သော အာဆီယံခရီးသွား လုပ်ငန်းအဖွဲ့အစည်းများ၊ အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းများ အစည်းအဝေး အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွား လုပ်ငန်း အာဏာပိုင်များအစည်းအဝေးနှင့် အာဆီယံ အိန္ဒိယခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးများကို တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ရာ ဇွန် ၂၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အေးသာယာအပန်းဖြေဟိုတယ်၌ အာဆီယံအစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူး အဖွဲ့ရုံးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် (၂၃)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပေးအပ်

**ရန်ကုန် အရှေ့ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပညာသင် ထောက်ပံ့ကြေးနှင့် ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြအောင်က ပညာသင်ထောက်ပံ့ကြေးနှင့် ဝတ်စုံများကို ခရိုင် ဦးစီးအရာရှိ ဒေါ်မြမြနှင်းနှင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်စဉ်။** (၄၀၀)





**ဇွန် ၂၇ ရက်က အမက(၁) လသာ ကျောင်းခန်းမဆောင်၌ ကျင်းပသော ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)ရပ်ကွက် အမြင်သစ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းသူ အသင်းသားများအား အစုပေါ် အမြတ်ငွေများနှင့် ကုန်ဝယ်ပေါ် ပြန်အမ်းငွေများကို အသင်းဥက္ကဋ္ဌ ဦးသောင်းက အသင်းသားတစ်ဦးအား ပေးအပ်စဉ်။** (၅၉)

## မြဝတီရုပ်မြင်သံကြား

**၁-၇-၂၀၀၄**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (မြန်မာစာအထူးပြု) (ခ)ဥမ္မာဒန္တီပျို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း-၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားဓားသမား"**(အပိုင်း-၁၅)



ဇွန် ၃၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr. Jan Axel Nordlander အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) **(သတင်းစဉ်)**

# သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဟသ်ာတမြို့တွင် သစ်ရောင်းချမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃၀

**သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် မြို့ပေါ်ကျောင်းများ ဝါဆိုသင်္ကန်းများ ဆက်ကပ်ပွဲသို့ တက်ရောက်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဦးတင်ဦး ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားများအတွက် အဝတ်အထည်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။**

ဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့ ဆည်မြောင်းရိပ်သာ၌ စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်ပြုံးနှင့် လုပ်ငန်းရှင်များက စက်မှုဇုန်၌ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်မှုဇုန်မြေနေရာကို ကြည့်ရှုစစ်ဆေးကာ စက်မှုဇုန်အတွင်းရှိ သိပ္ပံ၊ ပြည့်စုံ၊ ဒေါင်း စက်မှုလက်မှုအလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟသ်ာတမြို့ရှိ သစ်အရောင်းဆိုင်သို့ ရောက်ရှိပြီး ပြည်သူများအား သစ်ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ ကုန်ကြမ်းများ မပြတ်လပ်စေရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မျက်တောင်စိမ်း

- မီးပွိုင့် စိမ်းရောင်၊ နီအံ့ဆောင်သော်
  မျက်တောင် စိမ်းခတ်၊ စက်ရှိန်သတ်၍
  ကားရပ်ဖို့ရေး၊ သတိပေးသည်
  မီးလေး မကြာမီ နီတော့မည်။
  ယာဉ်အန္တရာယ် ဝေးစေရည်။
- မီးနီကိုဖြတ်၊ ကားမရပ်လျှင်
  တိုက်တတ် ခိုက်တတ်၊ ပျက်စီးတတ်၏
  ရပ်သင့်သည့် ခိုက်၊ မရပ်လိုက်လျှင်
  မိုက်မဲရာရောက်၊ စည်းကမ်းဖောက်မို့
  တောက်လျှောက် အရေး ယူရသေး။
  သတိကိုယ်စီ ထားနိုင်ရေး။
  မျက်တောင်စိမ်းလေး ခတ်လို့ပေး။
- သည်ဥပမာ၊ ဆင်ခြင်ပါလော့
  သူငါအတွက်၊ အကျိုးပျက်အောင်
  လက်ဖက်ရည်ဆိုင်၊ ထိုင်၍ဖြစ်စေ
  လူတွေစုဝေး၊ မုန့်ကျွေး၍ဖြစ်စေ
  ရေဒီယိုမှတစ်ဆင့်၊ အသံလွှင့်၍ဖြစ်စေ
  စေတနာမဟုတ်၊ ဝေဒနာနှုတ်မှ
  မဟုတ်တာကြီး၊ မမှန်တာပြော
  သဘောကောက်ကွေ့၊ မိစ္ဆာလေ့သော်
  တစ်နေ့ကိုယ့်ကံ၊ ကိုယ်သာခံရ
  တန်ပြန်အကျိုး၊ ပေးတတ်ရိုးကို
  မိုးမချုပ်မီ၊ သိသင့်သည်မို့
  ဝါနီအရောင်၊ လာမည်နောင်...ဟု
  မျက်တောင်စိမ်းခတ်၊ သတိပေးအပ်သည်
  ဖိနပ်တန်းထိ လိုက်မလာ။
  ယပ်တန်းမှာပဲ ရပ်လိုက်ပါ။
  အားလုံးအတွက် စေတနာ။ ။

**မြင်းမူ မောင်နိုင်မိုး**

## မြဝတီသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် မြဝတီဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား (၁၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၃၁ရက်) စနေနေ့နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ မိမိသဒ္ဓါ အလျောက်လှူဒါန်းလိုသော အလှူရှင်များ မြဝတီသာသနာ့ရိပ်သာ ဖုန်း-၅၇၂၆၆၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

# MYANMAR WOMEN'S DAY



မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းနုက ဆီသပြေပင်ကို စိုက်ပျိုးပေးစဉ်။ (က-ပ)

# မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို တောင်ကြီးမြို့တွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၉ရက် နံနက် ၈နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားကိုးဆူစိုက်ကွင်းတွင်ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနု၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် ၂၀ ရပ်ကွက်မှ ပြည်သူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုတို့က စိုက်ပျိုးမည့်သစ်ပင်များအား ဝေငှပေးအပ်ကြပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များက ၎င်းတို့၏သစ်ပင်စိုက်ပျိုးမည့်နေရာများတွင် အသီးသီးနေရာယူကြကာ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ခါတော်မီပင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုက ဆီသပြေပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခါတော်မီ၊ ဆီသပြေ၊ ချယ်ရီ၊ ငု၊ သင်းဝင်၊ မဲဇလီ၊ ရေတမာ၊ ရေပျဉ်းမ၊ မန်ကျည်း၊ သစ်ဆိမ့်စသည်ဖြင့် အပင်ပေါင်းသုံးသိန်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ဇာတ်လမ်းပဒေသာထုတ်လွှင့်မည်

**ရန်ကုန် ဇွန် ၃၀**

၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သပြေနု၏ ဝတ္ထုဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်မည့် "ရွှေဝတ်မှုန်ထုံကာ သင်းလေပြီ" ဇာတ်လမ်းပဒေသာကို ဇူလိုင် ၁ ရက် (ကြာသပတေးနေ့) ည ၇ နာရီ ၁၅ မိနစ်နှင့် ဇူလိုင် ၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂နာရီခွဲတို့တွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းပဒေသာတွင် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဆွေဇင်ထိုက်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ရန်ကင်းပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်းအမှတ်စဉ်(၈/၀၃)သင်တန်းသား ၄၀တို့အား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၃၀ရက်က ကျင်းပရာ အလှူငွေကျပ် ၄၀၀၀၀၀ကို အလှူရှင်များကိုယ်စား တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်မှ အလှူရှင်တစ်ဦးဖြစ်သူ ဦးအောင်သာထွန်းက ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးရန်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)

# အစ္စတန်ဘူလ်သို့ သမ္မတဘုရှ်ရောက်ရှိချိန် ကြွေးကြော်ဆန္ဒပြ

**မြန်မာ့အလင်း နိုင်ငံတကာသတင်းများ**

အစ္စတန်ဘူလ် ဇွန် ၂၉

**တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ နှစ်ရက်ကြာကျင်းပသော နေတိုးထိပ်သီးဆွေးနွေးပွဲသို့ အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ် တက်ရောက်ရန် အစ္စတန်ဘူလ်မြို့သို့ ရောက်ရှိလာချိန်တွင် ဆန္ဒပြသူ ၂၀၀၀၀ ခန့်က ဘုရှ်ကျဆုံးပါစေ၊ နေတိုးကျဆုံးပါစေ၊ လူသတ်ကောင် ယူအက်စ်အေ အရှေ့အလယ်ပိုင်းက ထွက်သွားဟူ၍ အော်ဟစ်ဆန္ဒပြခဲ့ကြသည်။**

သို့ရာတွင် နေတိုးထိပ်သီးအစည်းအဝေး ကျင်းပရန်အတွက် ဘို့စ်ဖိုရပ်စ် စထရိတ်မြို့ဝန်းကျင်တွင် လုံခြုံရေးအကာအရံများကို ခါတိုင်းနှင့်မတူဘဲ ထူထပ်စွာ ချထားသည်ဖြစ်ရာ သမ္မတဘုရှ်သည် ဆန္ဒပြပွဲများမှ ခပ်ဝေးဝေးရှိခဲ့သည်ဟု ဆိုသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံနှင့် အစိုးရ အကြီးအကဲ ၂၆ ဦးသည် ဘို့စ်ဖိုရပ်စ်မြစ်ကမ်းပါးရှိ အော့တိုမန်ခေတ်နန်းတော်၌ တနင်္ဂနွေနေ့က တရားဝင်ကျင်းပသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

**ကြေညာထား**

ဘုရှ်သည် အီရတ်နိုင်ငံကို လွန်ခဲ့သည့်နှစ်၌ အမေရိကန်ပြည်ထောင်စုက ကျူးကျော်ဝင်ရောက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အနောက်အုပ်စု စိတ်ဝမ်းကွဲမှု အဆုံးသတ်စေမည်ဟု ကြေညာထားသည်။

**အကျပ်အတည်းကြုံ**

အီရတ်နိုင်ငံအား လွန်ခဲ့သည့်နှစ်တွင် အမေရိကန် ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် (၅၅)နှစ် သမိုင်းကာလအတွင်း နေတိုးအဖွဲ့သည် အနက်ရှိုင်းဆုံး အကျပ်အတည်းတစ်ခုနှင့် ကြုံခဲ့ရသည်။




## ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုကြီးဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၉

**ဘဂ္ဂဒက်မြို့ အလယ်ပိုင်းရှိ အဆောက်အအုံများသည် တနင်္ဂနွေနေ့က အင်အားပြင်းထန်သော ပေါက်ကွဲမှုတစ်ခုကြောင့် လှုပ်ခါခဲ့ကြပြီး အမေရိကန် ဦးဆောင်သော မဟာမိတ်အဖွဲ့၏ အစိမ်းရောင်ဒေသ ဌာနချုပ်အတွင်းဘက်မှ မီးခိုးများတက်လာသည်ကို မြင်တွေ့နိုင်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။**

ပေါက်ကွဲသည့် အကြောင်းရင်းနှင့် သေကျေဒဏ်ရာရသူများ သို့မဟုတ် ပျက်စီးမှုများကို ချက်ချင်းရှင်းလင်းစွာ မသိရှိရသေးဘဲရှိပြီး ပေါက်ကွဲမှုဖြစ်သည့်အကြောင်းကို အသေးစိတ်မသိရှိရကြောင်း အမေရိကန်စစ်ဘက်က ပြောသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကန့်ကွက်ဆန္ဒပြ

**တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ တူရကီပြည်သူများက အမေရိကန် သမ္မတဘုရှ် လာရောက်မှုကို ကန့်ကွက်ဆန္ဒပြနေကြသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ကန်တပ်ဖွဲ့ဝင်တစ်ဦးအား ပြန်ပေးဆွဲထား
## အီရတ်အကျဉ်းသားများ လွှတ်ပေးရန်တောင်းဆို

ဘဂ္ဂဒက် ဇွန် ၂၉

**အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို ပြန်ပေးဆွဲထားကြောင်း အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ယမန်နေ့ညက ကြေညာလိုက်သည်။**

အကယ်၍ အီရတ်အကျဉ်းသားများအား အပေါင်းပါတပ်ဖွဲ့များက လွှတ်မပေးလျှင် ထိုမရိန်းတပ်ဖွဲ့ဝင်ကို သတ်ပစ်မည်ဟု ပြောဆိုသည်။

အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြား သတင်းဌာနက ထုတ်လွှင့်ပြသသော ဗီဒီယိုတိပ်ခွေတွင် စစ်ဝတ်စုံဖြင့် လူတစ်ဦးအား မျက်နှာ၌ အဝတ်စည်းထားလျက် တွေ့ရသည်။

**ကြေညာ**

အမေရိကန် မရိန်းတပ်ဖွဲ့၏ မှတ်ပုံတင်ကတ်၌ ထိုလူမှာ ဝါဆက်ဖ် အလီဟက်စ်ဆွန်ဖြစ်ကြောင်း သိရပြီး အယ်လ်ဂျာဇီရာက ၎င်းသည် ပါကစ္စတန် ဇာတိဖြစ်သည်ဟု ကြေညာသည်။ မရိန်းတပ်ဖွဲ့၏ ကင်းစခန်းသို့ မိမိတို့ စိမ့်ဝင်ရောက်ခဲ့ကြပြီးနောက် ထိုမရိန်းတပ်ဖွဲ့ဝင်အား အပြင်ရောက်အောင်မျှားခေါ်ကာ ပြန်ပေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေးသမားများက ပြောကြားသည်။

**တောင်းဆို**

အကျဉ်းထောင်များအတွင်းရှိ အီရတ်များအားလွှတ်ပေးရန် ထိုအုပ်စုက တောင်းဆိုကြောင်း၊ ပြန်ပေးဆွဲသူများက ၎င်းတို့သည် အစ္စလမ္မစ်တုံ့ပြန်ရေး အုပ်စုဖြစ်ကြောင်း အယ်လ်ဂျာဇီရာက ပြောကြားသည်။ **(အင်တာနက်)**

## သားဖြစ်သူအား အသက်ချမ်းသာပေးရန် ဖခင်ဖြစ်သူ တောင်းပန်

**ဘဂ္ဂဒက် ဇွန် ၂၉**

ဇွန် ၁၉ ရက်က အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ဟက်စ်ဆွန်ပျောက်ဆုံးခဲ့ပြီးနောက် အာရပ်ရုပ်သံဌာနက ၎င်းဖမ်းဆီးခြင်းခံထားရပုံကို ထုတ်လွှင့်ခဲ့သည်။ လက်ဘနွန်၌ရှိသော ဟက်စ်ဆွန်၏ဖခင်က သားဖြစ်သူအား အသက်ချမ်းသာပေးရန် တောင်းပန်ခဲ့ကြောင်း သိရသည်။

**(စီအင်န်အင်န်)**

## အာရပ်ကုမ္ပဏီများအား ဦးစားပေးမည်
## အီရတ်ကြားဖြတ်အစိုးရ အိမ်ရာဝန်ကြီးပြောကြား

ကိုင်ရိုင် ဇွန် ၂၈

**အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအား ကန်ထရိုက်ပေးသည့်အခါ အာရပ်နိုင်ငံများမှ ကုမ္ပဏီများကို ဦးစားပေးမည်ဟု အီရတ်ကြားဖြတ်အစိုးရ အိမ်ရာနှင့်ဆောက်လုပ်ရေးဝန်ကြီး အိုမာအယ်လ်ဒမ်လူဂျီက တနင်္ဂနွေနေ့၌ ပြောကြားသည်။**

အီရတ်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရေးအတွက် အီဂျစ်အစိုးရနှင့် ကုမ္ပဏီအရာရှိများနှင့် ဆွေးနွေးရန် ဒမ်လူဂျီသည် လက်ဘနွန်မှနေ၍ ကိုင်ရိုသို့ တနင်္ဂနွေနေ့က ရောက်ရှိခဲ့သည်။

အီရတ်တွင် ပြန်လည်တည်ဆောက်ရေး ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ရန် အီဂျစ်နှင့်အာရပ်ကုမ္ပဏီများကို ဦးစားပေးမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

**ဦးစားပေးမည်**

ထို့ပြင် အီရတ်ကြားဖြတ်အစိုးရသည် အလုပ်လက်မဲ့ လျော့စေရန် အီရတ်အလုပ်သမားများကို အလုပ်အကိုင် ဦးစားပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အီဂျစ်ကုမ္ပဏီများသည် အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် စိတ်မပါဘဲရှိကြသည်။

အီဂျစ်နိုင်ငံသည် ယခုထိ အီဂျစ်အုပ်ချုပ်ရေးကောင်စီနေရာကိုယူခဲ့သော ကြားဖြတ်အစိုးရနှင့် သံတမန်အပြည့်အဝ မထူထောင်ရသေးဘဲရှိသည်။ အီဂျစ်နိုင်ငံသည် ဇွန်၃၀ရက်နှင့် ထို့နောက်ပိုင်းတွင် ဘာဖြစ်မည်ကို စောင့်ကြည့်နေကြောင်း အရာရှိများက ပြောဆိုကြသည်။

**အမ်အင်အေ၊ ရိုက်တာ**



## ပြန်ပေးဆွဲ

**အီရတ်နိုင်ငံ၌ ဇွန် ၁ ရက်က ပျောက်ဆုံးသွားသော တူရကီ ဓားစာခံနှစ်ဦးအား သေနတ်သမားများက ပြန်ပေးဆွဲထားပြီး အီရတ်တွင် အမေရိကန်နှင့် ပူးပေါင်းလုပ်ကိုင်နေသည့် တူရကီကုမ္ပဏီများ ရုပ်သိမ်းပေးရန် ခြိမ်းခြောက်နေသည်ကို ဇွန် ၂၉ ရက်က အလက်စ်သတင်းဌာနက ထုတ်လွှင့်ပြသခဲ့စဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အိမ်တစ်အိမ်ပေါ်သို့ လေယာဉ်ပျက်ကျ လူသုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဇာယိုဇီယိုရီ (ရုရှား) ဇွန် ၂၈**

လေယာဉ်ငယ်တစ်စင်းသည် စနေနေ့က မော်စကိုမြို့၏ တောင်ဘက် ကျေးလက်ဒေသရှိ အိမ်တစ်အိမ်ပေါ်သို့ ပျက်ကျခဲ့သဖြင့် လေယာဉ်ပေါ်ပါရှိသူ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အရာရှိများက ပြောသည်။

**ကြေညာ**

လီ-၂ အသေးစား စစ်ဘက်ဆိုင်ရာလေယာဉ်သည် လေယာဉ်ကွင်းငယ်တစ်ခုမှ ကာလူဂါမြို့သို့လေ့ကျင့်ပျံသန်းရန် ပျံတက်ခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်ဝန်ကြီးဌာနက ကြေညာသည်။

**အမ်အင်အေ၊ ရိုက်တာ**

# နိုင်ငံခြားတပ်ဖွဲ့များ ဆက်လက်ရှိနေမှု ကန့်ကွက် သိမ်းပိုက်ထားခြင်းသာဖြစ်

**ဆေးကုသပေး**

အီရတ်နိုင်ငံ ဘာဆာရာမြို့ တောင်ပိုင်း၌ လမ်းဘေးထောင်ချောက်ဗုံး တစ်လုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးအား ဆေးကုသပေးနေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက် ဇွန် ၂၉

**အီရတ်နိုင်ငံတွင် ယမန်နေ့က အချုပ်အခြာအာဏာ လွှဲပြောင်းပေးမှုအပေါ် အီရတ်နိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိသည်။ အီရတ်နိုင်ငံကို အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များက ကျူးကျော်ဝင်ရောက်မှုကို ၂၀၀၃ ခုနှစ် မတ်လ၌ ကန့်ကွက်ခဲ့ပြီးနောက် အာရပ်တို့သည် ဗြိတိန်နှင့် အမေရိကန်တို့ အီရတ်နိုင်ငံတွင်း၌ တည်ငြိမ်မှု ရရှိစေရန် ဆောင်ရွက်ချက်များကို စောင့်ကြည့်နေကြသည်။**

အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာ လွှဲပြောင်းပေးမှုကို သတ်မှတ်သည်ထက် စောစီးစွာ ကျင်းပပြုလုပ်ခဲ့မှုကြောင့် အမေရိကန်တို့၏ သိမ်းပိုက်ထားမှုသည်ပြီးဆုံးသွားပြီး အီရတ်နိုင်ငံ လွတ်လပ်သွားပြီဟု သီအိုရီအရ ဆိုနိုင်ကြောင်း အမှန်တကယ် လွတ်လပ်မှုရ၊ မရကို အာရပ်ပြည်သူများက စောင့်ကြည့်လျက်ရှိကြောင်း သိရှိရသည်။ ယခုဖွဲ့စည်းလိုက်သော အီရတ်အစိုးရ အဖွဲ့တွင် ပါရှိသူများသည် အမေရိကန်တို့နှင့် အဆက်အသွယ်ရှိကာ ရင်းနှီးသူများဖြစ်ကြသည်။

ထို့အပြင် အီရတ်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့ဝင် တစ်သိန်းခွဲနီးပါးခန့် ဆက်လက် တပ်စွဲထားမှုကိုလည်း အာရပ်အများအပြားက သဘောမကျဘဲရှိသည်။ ယင်းသည် အီရတ်နိုင်ငံကို အမေရိကန်တို့က ဆက်လက်သိမ်းပိုက်ထားမှုသာဖြစ်သည်ဟု ယူဆကြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## ကန့်တို့ သိမ်းပိုက်ထားစဉ်ကာလအတွင်း ပေါက်ကွဲသံများသာ ကြားခဲ့ရ အီရတ်ယာယီအစိုးရသစ်ကို ပြည်သူများ ပြောကြား

ဘဂ္ဂဒက် ဇွန် ၂၉

**အီရတ်တို့ထံ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့ဝင်များ အုပ်ချုပ်ရေး ပြန်လည်လွှဲပြောင်းပေးအပ်မည့် ဇွန် ၃၀ကို ပစ်မှတ်ထားပြီး အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ပွားမှုများကို ရှောင်လွှဲရန် အမေရိကန်တို့က အီရတ်တို့၏ အချုပ်အခြာအာဏာကို နှစ်ရက်စောပြီး ယမန်နေ့က အီရတ်တို့ထံ ပြန်လည်လွှဲအပ်လိုက်သည်။**

အုပ်ချုပ်ရေးအာဏာလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အီရတ်ယာယီအစိုးရ၏ ဝန်ကြီးချုပ်ရုံးခန်းသစ်၌ ခေတ္တသာ ကျင်းပခဲ့သည်။ အခမ်းအနားသို့ အီရတ်ယာယီဝန်ကြီးချုပ် အီယက်အာလာဝီနှင့်အတူ ၎င်း၏လက်ထောက် ယာယီသမ္မတ ဂါဇီအယ်ယာဝါ၊ ရှေ့နေချုပ် မာဒီ အယ်မာမူဒီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ပေးအပ်**

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အုပ်ချုပ်ရေး လွှဲပြောင်းရေးဆိုင်ရာ စာရွက်စာတမ်းများကို အီရတ်ယာယီအစိုးရသစ်ထံသို့ တရားဝင်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အီရတ်ဝန်ကြီးများက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြပြီး ဝန်ကြီးချုပ်အာလာဝီကလည်း လုံခြုံရေးအပါအဝင် စီးပွားရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်တို့မှာ အားလုံးအဆင်ပြေအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

**ကြိုဆို**

အီရတ်ပြည်သူ အများစု အချုပ်အခြာအာဏာအသစ် ပြန်လည်ရရှိခြင်းကို ကြိုဆိုလျက်ရှိကြပြီး အစိုးရအနေနှင့် အောင်မြင်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ အမေရိကန်တို့ သိမ်းပိုက်ခဲ့သော ၁၃လ ၁၄လအတွင်း မိမိတို့မှာ ဘယ်နေရာသွားသွား ပေါက်ကွဲမှုများနှင့်သာ ရင်ဆိုင်ကြုံတွေ့နေခဲ့ရကြောင်း ပြည်သူများကပြောကြားခဲ့ကြသည်။

**မျှော်လင့်**

အီရတ်နိုင်ငံ အစိမ်းရောင်နယ်မြေအတွင်း ယခုအခါ အီရတ်နိုင်ငံအလံကို ပြန်လည်လွှင့်ထူ နိုင်ပြီဖြစ်ပြီး အစိုးရအနေနှင့် လက်နက်ကိုင် တိုက်ခိုက်မှုများကို ချေမှုန်းကာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ဖို့ မျှော်လင့်လျက်ရှိသည်။

**(စီအင်န်အင်န်)**

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

## အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ် ဂျာမနီနိုင်ငံ သဘောထား မပြောင်းလဲ

ဘာလင် ဇွန် ၂၈

**ဂျာမနီနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးငြင်းဆိုချက် ပြောင်းလဲမည်မဟုတ်ကြောင်း၊ သို့ရာတွင် အစ္စတန်ဘူလ်၌ ကျင်းပသော နေတိုးထိပ်သီးဆွေးနွေးပွဲ၌ အဓိကပြဿနာဖြစ်လာမည်ဟု မမျှော်လင့်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဂါဟာ့ဒ်ရှရိုဒါက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။**

အစ္စတန်ဘူလ်၌ ကျင်းပသော နေတိုး ထိပ်သီးအစည်းအဝေးသို့သွားရန်အတွက် လေယာဉ်ပေါ် မတက်မီ သတင်းစာဆရာများအား ဝန်ကြီးချုပ်က ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ဝန်ကြီးချုပ်က အီရတ်၌ တည်ငြိမ်မှုနှင့် ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းမှုကို နေတိုးနိုင်ငံများ အားလုံးက စိတ်ဝင်စားကြောင်း ပြောကြားသည်။

အီရတ်တွင် ဂျာမန်တပ်ဖွဲ့ဝင်များ ရှိမည်မဟုတ်ကြောင်း၊ ဂျာမနီနိုင်ငံ၏ သဘောထား မပြောင်းကြောင်း၊ မိမိ အစကနဦးကပင် ပြောကြားခဲ့ပြီး အစ္စတန်ဘူလ်၌လည်း ထိုအတိုင်းပင် မိမိတို့ပြောမည်ဖြစ်ကြောင်း ရှရိုဒါက ပြောကြားသည်။

အီရတ်တွင် နေတိုးအဖွဲ့ဝင် ၁၆ နိုင်ငံမှ တပ်ဖွဲ့ဝင်များရှိသော်လည်း ပြင်သစ်နှင့် ဂျာမနီ အပါအဝင်အဓိက နေတိုးအဖွဲ့ဝင်နိုင်ငံများက တပ်ဖွဲ့များ လွှတ်ရေးကို ကန့်ကွက်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု သို့မဟုတ် အခြားနေတိုး အဖွဲ့ဝင်များက အစ္စတန်ဘူလ်၌ ဖိအားပေးဖွယ် ရှိမရှိမေးမြန်းရာ၌ ထိုကိစ္စတစ်စုံတစ်ရာအငြင်းပွားမည်မထင်ကြောင်း ရှရိုဒါက ပြောကြားသည်။

မိမိတို့သည် အနာဂတ်ကို ကြည့်ကြောင်း၊ အီရတ်၌ အခြေအနေ တည်ငြိမ်ပြီး ဒီမိုကရေစီဖြစ်ထွန်းမှုကို မိမိတို့စိတ်ဝင်စားကြောင်း၊ သို့ဖြစ်၍ ပြန်လည်တည်ဆောက်ရေးနှင့် ရဲအဖွဲ့ လေ့ကျင့်သင်ကြားရေးတွင် အကူအညီ ပေးနေခြင်းဖြစ်ကြောင်း ရှရိုဒါက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

## တရုတ်၏ ရေနံတင်သွင်းမှုပမာဏ ၂၀၀၄ ခုနှစ်၌ တန်ချိန်သန်း ၁၂၀ ထိ ရှိနိုင်

ဟိုင်ကူ ဇွန် ၂၉

**၂၀၀၄ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ရေနံတင်သွင်းမှုသည် တန်သန်း ၁၂၀ ထိ ရောက်နိုင်ပြီး နိုင်ငံ၏စုစုပေါင်း ရေနံသုံးစွဲမှုသည် တန်သန်း ၃၀၀ ကျော်သွားနိုင်ကြောင်း ရေနံကျွမ်းကျင်သူတစ်ဦးက ကြိုတင်တွက်ဆ ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံက ရေနံစိမ်းတန်သန်း ၂၇၀ထုတ်လုပ်ရန်ရှိပြီး ဘက်စုံသုံးစွဲမှုသည် တန် ၃၀ဒသမ ၈ သန်းထိရှိနိုင်ကြောင်း တရုတ်ရေနံနှင့် ဓာတုကော်ပိုရေးရှင်း၏ သတင်း ပြန်ကြားရေးဌာန အဆင့်မြင့်အင်ဂျင်နီယာ တီယန်ချွန်ရောင်က ပြောကြားသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် ၂၀၀၄ ခုနှစ် အတွင်း၌ လောင်စာဆီသုံးစွဲမှုသည် တန် ၄၈ ဒသမ ၅ သန်းထိ မြင့်တက်ဖွယ်ရှိကြောင်း ဟိုင်ကူ၌ မကြာသေးမီက ကျင်းပသည့် ၂၀၀၄ခုနှစ် တရုတ်ရေနံဈေးကွက်ဆိုင်ရာ နှီးနှောပွဲ၌ တီယန်က ပြောကြားသည်။

လောင်စာဆီ လိုအပ်ချက်ကြောင့် ရေနံတင်သွင်းမှု တိုးလာရကြောင်း မစ္စတာတီယန်က ပြောကြားသည်။ တရုတ်နိုင်ငံ၏ လောင်စာဆီ တင်သွင်းမှုသည် လွန်ခဲ့သည့်နှစ်ပထမ လေးလပိုင်းထက် ယခုနှစ် ပထမ လေးလပိုင်းတွင် နှစ်အလိုက် ၆၉ ရာခိုင် နှုန်း မြင့်တက်ခဲ့ကြောင်း ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**




**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသူ တစ်ဦးအား ဇွန် ၂၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## နိုင်ငံတည်ငြိမ်အေးချမ်းပြီး လုံခြုံရန် မျှော်လင့် ကန်တပ်ဖွဲ့ဝင်များအားလုံး အီရတ်မှ ထွက်ခွာစေလို

ဘဂ္ဂဒက် ဇွန် ၂၉

အမေရိကန်နှင့် အပေါင်းပါတပ် ဖွဲ့ဝင်များက အီရတ်တို့ထံ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်း လိုက်မှုနှင့် ပတ်သက်ပြီး အီရတ်ပြည်သူများအတွင်း အကောင်းမြင်သူများရှိသကဲ့သို့ သံသယဝင်သူများလည်းရောနှောလျက်ရှိကြောင်းသိရသည်။ အချို့ပြည်သူများက တုံ့ပြန်ပြောကြားရာ၌ အုပ်ချုပ်ရေးအာဏာလွှဲပြောင်းမှုသတင်းကို ကြားသိရသည့်အတွက် အီရတ်နိုင်ငံလုံခြုံပြီဖြစ်ပြီး အစိုးရကိုလည်း ကောင်းချီးပေးကြောင်း၊ အုပ်ချုပ်ရေးလွှဲပြောင်းပေးရေးမှာ အီရတ်ပြည်သူတို့၏ စိတ်အဝင်စားဆုံးကိစ္စဖြစ်ကြောင်း၊ မိမိတို့မှာ နိုင်ငံလုံခြုံရေးနှင့် ညီညွတ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ရန် လိုလားကြောင်း၊ အီရတ်အစိုးရအနေဖြင့် နိုင်ငံ၏လုံခြုံရေးကို ပြန်လည်ထူထောင်လာနိုင်လိမ့်မည်ဟု မျှော်လင့် ကြောင်းပြောကြားလျက် ရှိကြသည်။

ထို့အပြင် ယခုအီရတ်အစိုးရကို ထောက်ခံခြင်းဖြင့် မိမိတို့လုံခြုံရေး အတွက် ပိုမိုစိတ်ချရမည်ဖြစ်ပြီး အီရတ် အစိုးရကလည်း ပြည်သူများကို ကာကွယ်ထောက်ပံ့သွားရမည်ဖြစ် ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့အတွက် မျှော်လင့် ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များ အားလုံးထွက်ခွာသွားစေလိုကြောင်း၊ ယခုအုပ်ချုပ်ရေး အာဏာလွှဲပြောင်းပေးအပ်ပြီးဖြစ်သော်လည်း အမေရိကန် တပ်ဖွဲ့ဝင်များ လမ်းမများမှာ ရှိနေသေးကြောင်း၊ မိမိတို့အလိုလားဆုံးမှာ လုံခြုံရေးဖြစ်ကြောင်း ပြောကြားကြသည်။ **(စီအင်န်အင်န်)**

## အီရတ်နိုင်ငံ စည်းလုံးညီညွတ်မှုရှိရန်လိုအပ်

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းရရှိခဲ့ပြီးနောက် အီရတ်ခေါင်းဆောင်အသစ်များက အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြပြီး အီရတ်နိုင်ငံစည်းလုံးညီညွတ်မှုရရှိရန် ပြည်သူများအား ပြောကြားခဲ့သည်။ အီရတ်ယာယီဝန်ကြီးချုပ်အာလာဝီက နိုင်ငံ၏လုံခြုံရေးအတွက် ပြည်သူများကလည်း ပူးပေါင်းပါဝင်သွားရန်နှင့် ၎င်းတို့အနေဖြင့်ဒေသအားလုံးရှိအကြမ်းဖက် ပြည်တွင်းပြည်ပ လက်နက်ကိုင်များကို နှိမ်နင်းချေမှုန်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်ယာယီသမ္မတသစ် ရှိတ်ဂါဇီအယ်လ်ယာဝါကလည်း ယနေ့သည် မိမိတို့နိုင်ငံ မိမိတို့လက်ထဲပြန်ရောက်လာပြီဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်းစီ မိသားစုတစ်စုစီအနေဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်သွားရန် တိုက်တွန်းခဲ့သလို ယာယီအစိုးရအဖွဲ့အနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

❐ *ကျောဖုံးမှ*

ညှိနှိုင်းအစည်းအဝေးသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းတို့မှ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တစ်ခန်းတစ်ကဏ္ဍပါဝင်**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် လယ်ယာထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးညှိနှိုင်းကြမည့် အစည်းအဝေးဖြစ်ကြောင်း။

ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပပို့ကုန်လုပ်ငန်းရှင်များက လိုလားကြသလို နိုင်ငံတော်က အစိုးရကလည်း လိုလားကြောင်း။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများတွင် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချရေးနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးသည်တစ်ခန်းတစ်ကဏ္ဍပါဝင်ကြောင်း။

ပြည်တွင်းတွင် အသုံးပြုနိုင်သည့်အပြင် ပြည်ပသို့တင်ပို့နိုင်သော ပို့ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒတစ်ရပ်အဖြစ် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ခြုံငုံ၍ပြောရလျှင် မြန်မာ့စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ပို့ကုန်တိုးမြှင့်ရေး အထောက်အကူပြုမည့် ထုတ်ကုန်များကဏ္ဍစုံတွင် တိုးတက်ထုတ်လုပ်ရေးနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့အတွက် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

**ဖော်ညွှန်းပြသနေ**

ယနေ့ နိုင်ငံတော်၏အခြေအနေကို လေ့လာဆန်းစစ်ကြည့်လျှင် မိမိတို့စတင်တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်အခြေအနေထက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည်ကို မည်သူမျှ မငြင်းနိုင်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးပိုမိုတိုးတက်ခိုင်မာလာသလို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများလည်း အသီးသီးပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်ကြောင်း။

ယင်းသို့ နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် အခြေခံကောင်းများ ဖြစ်ထွန်းနေခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အမြဲထာဝရစိတ်ပါဝင်စားစွာ ဖြည့်ဆည်း စီမံဆောင်ရွက်ပေးနေသည်ကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးတွင်ပြည်ပပို့ကုန် တိုးတက်မြင့်မားရေး ရည်ရွယ်ချက်ဖြင့် ပို့ကုန်သွင်းကုန် အခြေအနေများ၊ ပို့ကုန်ထုတ်လုပ်မှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များ ပြုပြင်စီမံဆောင်ရွက်သွားရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း။

နိုင်ငံခြား ကုန်သွယ်မှု အခြေအနေကို ပြန်ကြည့်လျှင် တိုးတက်မှုရှိသော်လည်း စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ပါက ယခုထက်များစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ပပို့ကုန် တိုးမြှင့်ပေးပို့နိုင်ရေးအတွက် စိုက်ပျိုး ထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာ အဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမည့် အခြေအနေဖြစ်နေကြောင်း။

**ဆက်လက်ထုတ်လုပ်**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကဲ့သို့သော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအဖို့ ပြည်ပပို့ကုန်မြင့်မားရေးတွင် လယ်ယာထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ရေးသည် အဓိကပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးတွင် ပို့ကုန်တိုးမြှင့်ရေးသည် ပဓာနကျသကဲ့သို့ အဓိကပို့ကုန်ဖြစ်သည့် လယ်ယာကိုင်းကျွန်းသီးနှံများ အားစိုက်တိုးတက်ထုတ်လုပ်ပြီး အခြားသော စီးပွားရေးအထောက်အကူပြု ထုတ်လုပ်ရေးကဏ္ဍများဖြစ်သည့် ရေလုပ်ငန်း၊ သစ်တော၊ သတ္တုနှင့် ကျောက်မျက်ကဏ္ဍများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ထုတ်လုပ်သွားကြရန်လိုကြောင်း။

သို့ရာတွင် ပြည်ပပို့ကုန်အရှိန်အဟုန်ဖြင့်တိုးမြှင့်နိုင်ရေးတွင် လယ်ယာကိုင်းကျွန်းသီးနှံများကို အဓိကတိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် အရေးကြီးကြောင်း။

သို့ဖြစ်၍ ဆန်စပါးအပါအဝင် လယ်ယာကိုင်းကျွန်းသီးနှံများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်အပိုင်းက စိုက်ပျိုးမြေ၊ စိုက်ပျိုးရေးနည်းပညာများကအစ အဘက်ဘက်ကအားပေးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ထုတ်လုပ်မှုနှင့်အလားတူ ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက်လည်း လုပ်ငန်းရှင်များ အခက်အခဲမတွေ့စေရန် နိုင်ငံတော်အပိုင်းက ကူညီပံ့ပိုးပေးသွားရန်အသင့်ရှိကြောင်း။

ထို့ကြောင့် လယ်ယာထုတ်ကုန်သီးနှံများတိုးချဲ့ စိုက်ပျိုးရေးနှင့် ပို့ကုန်လုပ်ငန်းများ မြှင့်တင်ရေးတို့အတွက် ပွင့်လင်းစွာ အကြံပြုတင်ပြဆွေးနွေးကြရန်ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပို့ကုန်ပစ္စည်းပိုမိုတင်ပို့နိုင်ရေး၊ ဈေးကွက်ရရှိရေး၊ မှန်ကန်သည့်လမ်းကြောင်းမှ တင်ပို့ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပဲမျိုးစုံ၊ သီဟိုဠ်စေ့၊ ငရုတ်ကောင်း၊ သရက်သီးတို့ ပြည်ပသို့တင်ပို့နိုင်မှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန်နှင့်သွင်းကုန်မူဝါဒဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ နနွင်းနှင့် ချင်းတို့ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့နိုင်မည့်အခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။



ဇွန် ၃၀ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ဆွစ်ဇာလန်နိုင်ငံ အမျိုးသားနေ့နှင့် ဆွစ်ဇာလန် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ရန်ကုန်မြို့တွင် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး **H.E. Mr. Hans-Peter Erismann** နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ၂၀၀၃–၂၀၀၄ ခုနှစ်တွင် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော စပါးနှင့်အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးမှု၊ ပဲမျိုးစုံနှင့်ရာသီသီးနှံများစိုက်ပျိုးမှု၊ စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူစသည့် သီးနှံများတိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး၊ မြေနေရာချထားမှု၊ မြေယာဖော်ထုတ်မှု၊ တောင်သူများအားပညာပေးဆောင်ရွက်မှုစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ပို့ကုန်တင်ပို့သူများက လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ပိုမိုထွက်ရှိရေးနှင့် ပို့ကုန်လုပ်ငန်းများ တိုးမြှင့် တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

**စုပေါင်းဆောင်ရွက်**

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တင်ပြသည်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ပြည်ပပို့ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ စိုက်ပျိုးထုတ်လုပ်သည့်တောင်သူလယ်သမားများ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

အထူးသဖြင့် လုပ်ငန်းရှင်များက အမှန်တကယ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအား ကူညီပံ့ပိုးဆောင်ရွက်ကြရန်လိုကြောင်း။

စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များကလည်း အဓိကသီးနှံများရော၊ ဈေးကွက်ဝင်သီးနှံများပါ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စိုက်ပျိုးကြရန်လိုကြောင်း။



ဇွန် ၂၉ ရက်က **Frontier Labourers Care (FLC) Health Care Foundation (Canada)** က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် **(FLC) Health Care Foundation (Canada)** မှ **Founder & Director Mr. Danie Kalnin** က တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၃၈၃၁၆၈ ရှိ ဆေးရုံသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် လက်ခံယူစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများကလည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေးနည်းပညာစသည့် ပံ့ပိုးမှုများ ကူညီပံ့ပိုးပေးမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်မူဝါဒများချမှတ်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံက စဉ်းစားသုံးသပ်ပြီး မိမိပြည်သူများ၏ အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး မူဝါဒများကို ဆုံးဖြတ်ချမှတ်ရကြောင်း။

သို့ဖြစ်၍ လုပ်ငန်းရှင်များက နိုင်ငံတော်၏ မူဝါဒဘောင်အတွင်း မိမိတို့ အတွက်ရော ပြည်သူအများနှင့် နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေရအောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း။

**စီမံဆောင်ရွက်နေ**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို လိုလားကြောင်း၊ လုပ်ငန်းရှင်များ အပါအဝင် ပြည်သူများ၏ အကျိုးကို ရှေးရှုပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း မိမိတို့၏လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် နိုင်ငံတော်၏ မျှော်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်ရေးတို့အတွက် စေတနာရှေ့ထားပြီး ကြိုးစားလုပ်ဆောင်ကြရန်လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းအလိုက် စုစည်းညီညွတ်သည့် အသင်းများဖွဲ့စည်းပြီး စည်းလုံးညီညာစွာဖြင့် ပို့ကုန်များ တိုးတက်ထုတ်လုပ်နိုင်စေရအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြည်သူအများ မျှော်မှန်းသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာမှာဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၉–၆–၂၀၀၆

| | |
|---|---|
| ဘားအံမြို့ | ၁ ဒသမ ၃၄ လက်မ |
| သထုံမြို့ | ၁ ဒသမ ၃၄ လက်မ |
| စစ်တွေမြို့ | ၁ ဒသမ ၈၉ လက်မ |
| ကော့သောင်းမြို့ | ၂ ဒသမ ၂၄ လက်မ |
| ကိုကိုးကျွန်း | ၃ ဒသမ ၉၀ လက်မ |
| မောင်တောမြို့ | ၄ ဒသမ ၃၃ လက်မ |



# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းဒေသရှိ ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေဧက ၁၅၀၀၀ အတွက် အကျိုးပြုလျက်ရှိသော ဝါးတောရေထိန်းတံခါးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ဒေသခံတိုင်းရင်းသားများ သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့က ရေပိုက်လိုင်းများ တပ်ဆင်ပေးနေသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

## နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်တွင် ဖောက်လုပ်လျက်ရှိသော နမ့်စန်-ပွန်ချောင်း လမ်းပိုင်းမှ ပွန်ချောင်းတံတားကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဒေသခံပြည်သူများသွားလာဆက်သွယ်မှု လွယ်ကူစေရန်အတွက် တည်ဆောက်ပေးထားသော မကွေးတိုင်း အောင်လံမြို့နယ် ပြည်-အောင်လံရထားလမ်းပိုင်းရှိ ဘွက်ကြီးတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



■ ရှေ့ဖုံးမှ

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နုနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မျိုးသန့်တင်၊ တွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံး ညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် အမျိုးသားအစည်းအရုံး(DKBA)၊ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ကိုယ်စားလှယ်များအနက် ရခိုင်ပြည်နယ်မှ ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာ ချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်)နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

#### လက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊

## အမျိုးသားညီလာခံ စုံညီအစည်းအဝေး



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

## အမျိုးသားညီလာခံကိုယ်စားလှယ်များအား နော်ရင်မွှေးရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၃၀

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ တင်ဆက်လျက်ရှိသည်။

### ကြည့်ရှုအပန်းဖြေ

ယနေ့ညပိုင်းတွင် ဒါရိုက်တာအောင်စိုးဦးရိုက်ကူးပြီး သရုပ်ဆောင် စိုးသူ၊ နေအောင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် 'နော်ရင်မွှေး'ရုပ်ရှင်ဇာတ်ကားတင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)**
**၁-၇-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၇။ အကပဒေသာ
၈:၂၀ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၄၅ ၈။ **"မနိုင်သောအရှုံး"** (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၁၇:၅၅ ၉။ တေးဂီတအစီအစဉ်
၁၈:၁၀ ၁၀။ နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅ ၁၁။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၃၅)
၁၉:၃၅ ၁၅။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအငြိမ့်(အပိုင်း-၁) ရန်ကုန်တိုင်းစစ်ဌာနချုပ် **"ရွှေလမင်းအငြိမ့်"** (မင်းသမီး-ခိုင်သဇင်သင်း၊ ဝါဝါခိုင်၊ လူရွှင်တော်-ဇော်၊ ကျော်ထူး၊ မန်းဝင်း၊ ခင်လှိုင်)
၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

**နံနက်ပိုင်း**

၀၀:၃၀ ၂၁။ **Euro 2004 ဒုတိယအကြိုဗိုလ်လုပွဲသုံးသပ်ချက်**
၁:၁၅ ၂၂။ **Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) ဂရိ နှင့် ချက်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့ကဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ်၁၀၆၆ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၉၈ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက်တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ဆက်လက် ဖတ်ကြားတင်ပြသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းပါ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ်ရောဝတီတိုင်းမှ ဒေါ်နန့်ဥမ္မာမြက စတင်ဖတ်ကြားတင်ပြသည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်မှ ဒေါ်ဆာဆုက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက်ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးအောင်ထွန်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇူလိုင်၁ရက် (ကြာသပတေးနေ့) နံနက်၉နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

## မိတ္ထီလာမိုးကုတ်ရိပ်သာဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၃၀**

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် ၁၂၉၏ နှစ်စဉ်ကျင်းပအပ်သော ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း ဆက်ကပ်လိုသူများသည် ဖုန်း-၀၆၄-၂၂၁၆၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)



### ဖတ်ကြားတင်ပြ

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်နန့်ဥမ္မာမြက ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)



### ဖတ်ကြားတင်ပြ

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် ချင်းပြည်နယ်မှ ဒေါ်ဆာဆုက ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးအောင်ထွန်းက ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)



**အမျိုးသား ညီလာခံ စုံညီ အစည်း အဝေး သို့တက်ရောက်လာ ကြ သော ညီလာခံကိုယ် စား လှယ် များ တက် ရောက် ကြောင်း မှတ်တမ်း တင် လက် မှတ် ရေး ထိုးကြစဉ်။**

**(သတင်းစဉ်)**



**အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌ညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။**

**(သတင်းစဉ်)**



## မြန်မာနိုင်ငံဒေသအနှံ့အပြားမိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇွန် ၃၀

**ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့်မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေကြောင်း သိရသည်။**

**ဇူလိုင်၁ရက် ညနေအထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)



### အခမ်းအနားမှူး

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ်ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

**(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ**

**ခေါ့ခပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေး**

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့

၂၀၀၄ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိ

## စီမံကိန်းကျွမ်းကျင်မှု အဆင့်(၁)သင်တန်းဖွင့်

ရန်ကုန် ဇွန် ၃၀

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်း ရေးဆွဲရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စီမံကိန်းကျွမ်းကျင်မှု အဆင့်(၁) သင်တန်းအမှတ်စဉ် (၁/၂၀၀၄-၂၀၀၅)ဖွင့်ပွဲ ယမန်နေ့နံနက် ၁၀နာရီက စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမှာစကားပြောကြားသည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ ဒုတိယ စီမံကိန်း ဦးစီးမှူး သင်တန်း သား သင်တန်းသူ ၅၀တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## သားငါးပွဲ့ပြိုး ပြည့်အကျိုး

# ဩစတြေးလျနိုင်ငံမှ စေတနာရှင်များ၏ မွန်မြတ်သောအလှူဒါန

အလှူဟူသည် မွန်မြတ်သန့်စင်လှသည်။ လူမျိုးတိုင်းသည် မိမိတို့ကိုးကွယ်သည့် ဘာသာအလိုက် အလှူကို နည်းအမျိုးမျိုးဖြင့် ပြုလုပ်တတ်ကြသည်။ မည်သို့ပင်ဖြစ်စေ အလှူပြုလုပ်ခြင်းဖြင့် လူတို့အတွက် လောကီ လောကုတ္တရာ အဖြာဖြာသောအကျိုးကို ရရှိစေသည်။

လှူသင့်လှူထိုက်သော မည်သည့်ပစ္စည်းမျိုးကို လှူသည်ဖြစ်စေ အလှူခံပုဂ္ဂိုလ်များအတွက် အကျိုးကျေးဇူးကြီးမားလျှင် ကြီးမားသလောက် အလှူရှင်များသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ထိုသို့သော ဝမ်းမြောက်စိတ်ကြောင့်ပင် အလှူ၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာတတ်ကြသည်။

အလှူပေးလှူရာတွင် ကိုယ်ကျိုးကိုမကြည့်ဘဲ အလှူခံပုဂ္ဂိုလ်များအတွက် လိုအပ်သော မြတ်သောပစ္စည်းများကို လှူရန်ကြိုးစားကြသည်မှာ သူတော်ကောင်းတို့၏ ဓလေ့ဖြစ်ပေသည်။ ထိုလိုအပ်သော မြတ်သောအလှူထဲတွင် ဆေးနှင့်ဆေးပစ္စည်းလှူခြင်းသည် အရေးအပါဆုံး အလှူတစ်ခုဖြစ်သည်။ မြတ်စွာဘုရားသည် ရဟန်းများအတွက် အလှူခံနိုင်သော ပစ္စည်းများအဖြစ် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည့် ပစ္စည်းလေးပါးကို ခွင့်ပြုတော်မူခဲ့သည်။ ထို့ကြောင့် ဆေးနှင့် ဆေးပစ္စည်းများသည် မြတ်သောအလှူစင်စစ်ဖြစ်ပေသည်။

ဆေးဝါးဟူသည် အသက်ရှည်ခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဆိုသည့် အကျိုးစီးပွားများကို ပေးနိုင်သည်ဖြစ်ရာ လူတို့အတွက် အရေးပါဆုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ အသက်ရှည်ခြင်းတို့နှင့် နှိုင်းစက်နိုင်သော အလှူပစ္စည်းဖြစ်သဖြင့် ထိုအလှူမျိုးဖြစ်မြောက်သည်ဟု ကြားသိချိန်တွင် ကြားသိသူတိုင်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုတတ်ကြသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က ကျင်းပခဲ့သော အမျိုးသားကျန်းမာရေးကော်မတီသို့ ဩစတြေးလျနိုင်ငံ မြန်မာသံရုံး (ကင်ဘာရာ)မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သော ဆေးရုံသုံးပစ္စည်းများ ကျပ်၁၈၇၅သိန်းဖိုးခန့်နှင့် ဩစတြေးလျနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဆေးရုံသုံးပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုရန် ကျပ်သိန်း၁၀၀ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ သတင်းကို ၂၂-၆-၂၀၀၄ ရက်နေ့မြန်မာသတင်းစာများတွင်ဖတ်ရှုလိုက်ရ၍ သာဓုအကြိမ်ကြိမ်ခေါ်ရင်း ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

လှူဒါန်းသော ပစ္စည်းများမှာ ကျောက်ကပ်ဆေးစက် (Dialysis Michine) အလုံး ၄၀၊ ဆေးရုံသုံး ဟိုက်ဒရောလစ်ခုတင် ၆၂လုံး၊ မွေ့ရာများ၊ ဆေးရုံသုံး ဆက်တီများ၊ အခြားဆေးရုံသုံးပစ္စည်းမျိုးစုံဟု သိရှိရသည်။ လှူဒါန်းခဲ့သော ပစ္စည်းများအနက် ကျောက်ကပ်ဆေးစက် အလုံး ၄၀ နှင့် ဆေးရုံသုံးပစ္စည်းများကို Global Aid Net Work Australia (GAIN) အဖွဲ့နှင့် ယင်း၏ တွဲဖက်အဖွဲ့ဝင်များဖြစ်သော Yeshua Net Work International Brisbane မြို့ St. Frances Cabrini Private ဆေးရုံတို့မှ လှူဒါန်းခဲ့ခြင်းဖြစ်ပြီးယင်းပစ္စည်းများ လွှဲပြောင်း လက်ခံရယူခြင်းနှင့် ရန်ကုန်သို့ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ကိစ္စအဝဝကို ဩစတြေးလျနိုင်ငံ မြန်မာသံရုံးနှင့် Global Aid Net Work Australia (GAIN) အဖွဲ့နှင့် စေတနာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

ဩစတြေးလျနိုင်ငံရှိ အလှူရှင်များမှ ပေးပို့လှူဒါန်းခဲ့သည့် ပစ္စည်းများမှာ မြန်မာနိုင်ငံကျန်းမာရေးလုပ်ငန်းတွင် အသုံးပြုရန် အသုံးတည့်ပြီး တန်ဖိုးကြီးမားသည့် ပစ္စည်းများဖြစ်ပြီး ကွန်တိန်နာလေးလုံးခန့် ပမာဏဖြစ်၍ ကျေနပ်အားရစရာကောင်းလှသည်။ သယ်ယူပို့ဆောင်ခ ဒေါ်လာသောင်းကျော် ကုန်ကျခဲ့သည်ဟုလည်း သိရှိရသည်။

လှူဒါန်းသည့်ပစ္စည်းများတွင် ပါဝင်သည့် ဆေးရုံသုံး ဟိုက်ဒရောလစ်ခုတင်များမှာ ဆေးရုံများတွင် အလွန်အသုံးဝင်သော ခုတင်များဖြစ်သည်။ ခွဲစိတ်ပြီးလူနာများ၊ မွေးဖွားပြီးစလူနာများ၊ ထိခိုက်ဒဏ်ရာရလူနာများအတွက် အသုံးဝင်တန်ဖိုးရှိသော ခုတင်များဖြစ်သည်။ ကိုယ်လက်ကောင်းစွာ မလှုပ်ရှားနိုင်သော လူနာများအတွက် ဦးခေါင်းပိုင်း၊ ခြေရင်းပိုင်း သီးခြားစီနိမ့်နိုင်၊ မြင့်နိုင်အောင် အထူးစီမံထားသော ခုတင်များ ဖြစ်သည်။ ၎င်းခုတင်များမှာ ပြည်သူ့ဆေးရုံများတွင် အထူးလိုအပ်လှသည်။ ဟိုက်ဒရောလစ်ခုတင် ၆၂လုံးနှင့်အတူ မွေ့ရာများပါဝင်ကြောင်း သိရသည်။

ရှားပါး၍ တန်ဖိုးကြီးမားပြီး အသုံးတည့်သည့် အခြားပစ္စည်းများမှာ ကျောက်ကပ်ဆေးစက် (Dialysis Machine)များဖြစ်သည်။ ခေတ်မီတိုးတက်သော နိုင်ငံကြီးများတွင် ကျောက်ကပ်ဆေးစက်အသုံးပြုနိုင်ရန်အတွက် ဆေးရုံ၊ ဆေးခန်းများ၌ အဖိုးအခကြီးစွာပေးကြရသည်။ စက်များမှာ အနုစိတ်ပြီး ခေတ်မီပစ္စည်းများဖြစ်၍ စက်တစ်လုံးတန်ဖိုးမှာလည်း ဒေါ်လာသောင်းချီ တန်သည်ဟု ကြားဖူးသည်။ ယခုလှူဒါန်းမှုတွင် ကျောက်ကပ်ဆေးစက် အလုံး ၄၀ပါဝင်ကြောင်း သိရ၍ ကျောက်ကပ်ဝေဒနာသည်များအတွက် မင်္ဂလာရှိသော သတင်းတစ်ခုဖြစ်သည်။လူ့ခန္ဓာကိုယ်တွင် ကျောက်ကပ်သည် အရေးပါသော ကိုယ်တွင်းအင်္ဂါတစ်ခု ဖြစ်သည်။ ကျောက်ကပ်၏ တာဝန်မှာ လူ့ခန္ဓာကိုယ်တွင် ဇီဝဖြစ်ပျက်မှုမှ ထွက်ပေါ်လာသော ဆားဓာတ်နှင့် ပိုလျှံသောရေတို့ကို ဆီးအဖြစ်စစ်ထုတ်ပေး ခြင်းဖြင့် လှည့်ပတ်နေသော သွေးကိုသန့်ရှင်းစေသည်။ သွေးပေါင်ချိန်ကိုလည်း ညှိပေးသည်။ ၎င်းအပြင် အရိုးကို ခိုင်မာစေသော ထုံးဓာတ် (ကယ်လဆီယမ်)ကို သွေးအတွင်း လိုအပ်သည့်ပမာဏရှိစေရန် ထိန်းပေးခြင်းအပြင် သွေးနီဥ များ ထုတ်လုပ်ရန်လည်း တွန်းအားပေးသည်။ ဤသို့ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ ပုံမှန်ကြီးထွားမှုကို အထောက်အကူဖြစ်စေသည်။

## ဒေါက်တာမျိုး (ဆေး-၁)

ကျောက်ကပ်ရောဂါသည် ဆီးချိုရောဂါကြောင့် ၄၀ရာခိုင်နှုန်း ဖြစ်နိုင်ပြီး သွေးတိုးရောဂါကြောင့် ၂၅ရာခိုင်နှုန်း ဖြစ်နိုင်သည်။ ဘက်တီးရီးယားနှင့် အခြားရောဂါပိုးများကြောင့်လည်း ကျောက်ကပ်ရောဂါ ဖြစ်နိုင်သည်။ နာတာရှည်ကျောက်ကပ်ရောဂါသည်များ ရှိသကဲ့သို့ ထိခိုက်ဒဏ်ရာရ သွေးဆုံးရှုံးမှုကြောင့်သော်လည်းကောင်း၊ မတည့်သောဆေးဝါးများ သုံးစွဲမိလျှင်သော် လည်းကောင်း၊ မြွေကိုက်ခြင်း၊ အဆိပ်သောက်မိခြင်း စသည့်တို့ကြောင့် အဆိပ်အတောက်မိခဲ့လျှင်သော်လည်းကောင်း ရုတ်တရက်ကျောက်ကပ်ရောဂါ ဖြစ်တတ်သည်။ ခုခံအားကျဆင်းမှုကြောင့်လည်း ကျောက်ကပ်ရောဂါ ဖြစ်တတ်ပြန်သည်။ ကျောက်ကပ်ဝေဒနာနှင့် ကျောက်ကပ်ရောင်ခြင်းများ ဖြစ်ပွားပါက ကျောက်ကပ်သည် ပုံမှန်အလုပ်ကို ကောင်းစွာထမ်းဆောင်နိုင်ခြင်း မရှိပါ။ ကျောက်ကပ်ကောင်းစွာ အလုပ်မလုပ်ပါက ဆားဓာတ်နှင့် ပိုလျှံသောရေများ ခန္ဓာကိုယ်အတွင်း စုပုံလာပြီး လူ၏အသက်အန္တရာယ်ကို ထိပါးသည်အထိ ဖြစ်တတ်သည်။

**ကျောက်ကပ်အလုပ်မလုပ်တော့သည့် ကျောက်ကပ်ဝေဒနာသည်များအတွက် ကျောက်ကပ်ဆေးစက်သည် မရှိမဖြစ်သော ပစ္စည်းတစ်ခုဖြစ်သည်။ ကျောက်ကပ် ဆေးစက်သည်အစားထိုးကျောက်ကပ်အဖြစ် ကျောက်ကပ် တာဝန်များကို ထမ်းဆောင်ပေးပြီး လူ့ခန္ဓာကိုယ်တွင်းရှိ သွေးများကို သန့်ရှင်းစေသည်။ လူ၏အသက်အန္တရာယ်ကို ကာကွယ်ပေးသည်။ ထို့ကြောင့် ကျောက်ကပ်ဆေးစက်များမှာ ကျောက်ကပ်ဝေဒနာရှင်များအတွက် တန်ဖိုးကြီးမားသော လွန်စွာအသုံးဝင်သောစက်များဖြစ်ကြသည်။** ကျောက်ကပ်ဆေးစက်အလုံး ၄၀သည် ကျောက်ကပ်ဝေဒနာရှင်များစွာ၏ ဝေဒနာနှင့်အသက်များကို ကယ်တင်နိုင်မည်ဟု ယုံကြည်မိသည်။ ရန်ကုန်မြို့တွင်သာမက မြန်မာပြည်အနှံ့ဆေးရုံများသို့ ဖြန့်ဝေနိုင်သော အရေအတွက်ဖြစ်သဖြင့် တိုင်းနှင့်ပြည်နယ်များမှ ကျောက်ကပ်ဝေဒနာရှင် လူနာများအားလည်း ထိရောက်စွာ ကုသနိုင်မည်ဖြစ်သည်။

လူနာစောင့်များအတွက် အသုံးပြုနိုင်သည့် ဆိုဖာကုလားထိုင်များ၊ အခြားဆေးရုံသုံးပစ္စည်းမျိုးစုံနှင့် ကလေးလူနာများအတွက် ကစားစရာ မွေးပွရုပ်များ၊ ဖိနပ်များလည်းပါဝင်၍ ဆေးရုံများအတွက် အသုံးဝင်သောပစ္စည်းများဖြစ်ကြသည်။ မိုင်ပေါင်း ၅၀၄၅ မိုင်ဝေးသော ဩစတြေးလျမှ ပေးပို့ရောက်ရှိလာခြင်းဖြစ်၍ ထက်သန်သောစေတနာရှင် အလှူရှင်များအားလုံးအား ကျေးဇူးအထူးတင်မိသည်။ ဂုဏ်ယူလေးစားမိသည်။ ပြုစုစောင့်ရှောက်သင့်သော လူနာများ၊ အရေးကြီးလူနာများအတွက် လိုအပ်သောပစ္စည်းများဖြစ်၍လည်း ဝေဒနာသည်လူနာတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုမိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး ကင်ဘာရာမြို့မှ ဆေးရုံသုံးပစ္စည်းမျိုးစုံကို ဆက်လက်ပေးပို့ရန် စီစဉ်နေဆဲဖြစ်သည်ဟု သိရသည်။ ဩစတြေးလျနိုင်ငံမှာ မြန်မာပြည်နှင့် အလှမ်းကွာဝေးသော အရပ်တွင်ရှိ၍ ကွန်တိန်နာများကို သင်္ဘောနှင့်တင်ပို့ရာတွင် ကုန်ကျစရိတ်များသည်ဟုသိရသည်။ ဆက်လက်၍ ဆေးရုံသုံးပစ္စည်းများ သင်္ဘောနှင့်တင်ပို့ရာတွင် အသုံးပြုရန်အတွက် ကျပ်သိန်း ၁၀၀ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး ကင်ဘာရာမှ သံမှူးကြီး ဦးကျော်အေးနှင့် အလှူရှင်များက အမျိုးသားကျန်းမာရေးကော်မတီသို့ လှူဒါန်းခဲ့သည်ကိုလည်း သတင်းစာတွင်ဖတ်ရှုလိုက်ရ၍ အလှူရှင်များကိုယ်စား ဝမ်းမြောက်ဂုဏ်ယူမိခဲ့ သည်။ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းလှူဒါန်းခဲ့ခြင်းဖြစ်၍လည်း လေးစားခဲ့ရသည်။ ထူးကဲမွန်မြတ်သောအလှူဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့ကိုယ်တိုင် လှူသည်ဖြစ်စေ၊ သူတစ်ပါးတို့၏အလှူကို သာဓုခေါ်သည်ဖြစ်စေ တစ်ပြေးညီကုသိုလ်ရသည်ဟု ခံယူကြသည်။ အလှူရှင်များအနေဖြင့်လည်း မိမိတို့အလှူကို အမျှဝေခြင်းဖြင့် အလှူ၏အကျိုးသက်ရောက်မှုကို ပွားများစေလိုသော စေတနာများရှိကြသည်။ အလှူအဖို့အစုကို အမျှပေးဝေခြင်း၊သာဓုခေါ်ခြင်းတို့သည် ကုသိုလ်တရားကိုပိုမိုဖြစ်ထွန်းစေသည်ဟု ယုံကြည်ကာ သာဓုခေါ်ဆိုကြပါစို့ဟု ဆောင်းပါးရှင်က တိုက်တွန်းလိုပါသည်။ ။



**ဇွန် ၂၆ရက်က မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စံပြကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၁၂)ခန်းမ၌ ကျင်းပသော နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်က နိုင်ငံသားအသိအမှတ်ပြုကတ်ပြား ပေးအပ်စဉ်။** (၃၆၃)



**ဇွန် ၂၉ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို စမ်းချောင်းမြို့နယ် အထက(၂)စပယ်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်မြလေးကျင်က အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာများ ရှင်းလင်းပြောကြားစဉ်။** (၁၂၉)

**ဇွန် ၂၉ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာဟောပြောပွဲကို အထက(၂) လသာ မြည်ီလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အုန်းမြင့်က အမှာစကားပြောကြားစဉ်။** (က-ပ)





# ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးရေးအရှိန်အဟုန်မြှင့်ဆောင်ရွက် စည်ပင်သာယာရေးအဖွဲ့များနှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇွန် ၃၀

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည်ဇွန်၂၉ရက် နံနက် ၁၁နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်၂၄၅ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဘဏ္ဍာလီမိ တက်တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း စည်ပင် သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ဝန်ကြီးကအမှာစကားပြောကြားရာတွင် ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အားနည်းချက်များပြုပြင်ရန်၊ အားသာချက်များအား အတုယူဆောင်ရွက်ကြရန်နှင့် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်အသေးစိတ်မှာကြားသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအားဖတ်ကြားသည်။

**သုံးသပ်ဆွေးနွေး**

၎င်းနောက် ၂၀၀၃-၂၀၀၄ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအပေါ်သုံးသပ်ဆွေးနွေးကြရာ စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ပတ်သက်၍ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြိုတိုင်းဆောင်ကလည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်အောင်ကလည်းကောင်း၊ မြို့ပြဆိုင်ရာအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးသောင်းစိန်ကလည်းကောင်း၊ ကျေးလက်ဆိုင်ရာအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှကလည်းကောင်း၊ ဥပဒေ၊ အခွန်နှင့် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်ကလည်းကောင်း ကဏ္ဍအလိုက်ခွဲခြား၍ အသီးသီးပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၃၀

အိမ်မဲမြို့နယ်အသင်း၏ ပထမအကြိမ်စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း အမှတ်(၆)ဝိုင်း အိမ်မဲကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇာနေယျ(ဓမ္မာစရိယ၊ ပိဋကတ်တစ်ပုံအောင်)အား အမှူးပြုဦးထိပ်ထား၍ အဆိုပါကျောင်းတိုက် ဓေတဝန်ကျောင်းတော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အစီအစဉ်အရ မြို့နယ်သူမြို့နယ်သားများအနေဖြင့် မိမိတို့ဆက်ကပ်မည့်ဝါဆိုသင်္ကန်းကို ယူဆောင်လာကြရန်ဖြစ်ပြီး မြို့နယ်သူ မြို့နယ်သားများစေတနာသဒ္ဓါတရားအလျောက် ထီး၊ ဖိနပ်၊ ဆေးဝါး အလှူငွေစသည်တို့ကိုလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# ကလေးသွားကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းရန်ကုန်အသင်းခွဲနှင့် Fair Deal Co., တို့၏ စီစဉ်မှုအရ ပါမောက္ခဒေါက်တာမျိုးဝင်း ( Department of Children Dentistry & Orthodontic I. D. M) ပို့ချမည့် ( Space Maintainance; Important Aspect of Passive Occlusal Guidance) ကလေးသွား ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ အသင်းသူ အသင်းသားများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဘဏ္ဍာ/ အခွန်ထူးချွန်ဘောလုံးသမားများအား ရာထူးတိုးတံဆိပ်အပ်နှင်း၊ဝန်ထမ်းသားသမီးထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ထူးချွန်ဘောလုံးအားကစားသမားများအား ရာထူးတိုးတံဆိပ်အပ်နှင်းခြင်းနှင့် ၂၀၀၄-၂၀၀၅ပညာသင်နှစ် အတွက် အကောက်ခွန်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို အကောက်ခွန် ဦးစီးဌာနရုံးချုပ် စုဝေးခန်းမ၌ ယနေ့မွန်းလွဲ၁နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းမှ ထူးချွန်ဘောလုံးသမားလေးဦးတို့အား ဒုတိယအကောက်ခွန်မှူးရာထူးသို့ တစ်ဆင့်မြှင့်ရာထူးတိုးတံဆိပ် အပ်နှင်းချီးမြှင့်သည်။ ဆက်လက်၍ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ပညာရည်အဆင့်အသီးသီး၌ တက်ရောက် ပညာဆည်းပူးနေသော အကောက်ခွန်ဝန်ထမ်းများ၏ သားသမီး ကျောင်းသားကျောင်းသူ စုစုပေါင်း၉၄၁ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး ကျပ် ၄၆၃၁၀၀၀ကို အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများကိုယ်စား မိဘတစ်ဦးက လက်ခံရယူကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီက ကြီးမှူးကျင်းပသော Human Rights in Law Enforcement Workshop (Refresher Course) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန အစည်းအဝေးခန်းမ(၁)တွင် ယမန်နေ့နံနက်က ကျင်းပရာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင် တက်ရောက် အမှာစကားပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရာရှိ ၂၄ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကာလမှာ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ရက်အထိ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဇွန် ၃၀

နိုင်ငံတကာအဆင့်မီကြက်တောင်ရိုက် သီးသန့်သုံးထပ်အားကစားရုံ ဆောက်လုပ်ပြီးစီးလု၊ ခရီးသွားကုမ္ပဏီများစုပေါင်း၍ ခရီးစဉ်စီစဉ်ရောင်းချသည့်အဖွဲ့ ပထမဆုံးဖွဲ့စည်း၊ အဲအေးရှ လေကြောင်းလိုင်းများ မြန်မာ့ဈေးကွက်အလားအလာ စိတ်ဝင်စား၊ ဂြိုဟ်တုဓာတ်ပုံနည်းပညာဖြင့် လယ်ယာစစ်တမ်းကောက်ယူသည့် ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ဗန်ကောက်မြေအောက်ရထားလိုင်းသစ် မကြာမီဖွင့်လှစ်တော့မည်၊ ဆား(စ်)ကပ်ရောဂါသည် မျက်ရည်မှလည်း ကူးစက်နိုင်၊ ပေ၂၀ရှည် ဆံပင်ပိုင်ရှင် ကမ္ဘာ့မှတ်တမ်းဝင်ရန် အားထုတ်၊ စာရေးဆရာသမ္မတဟောင်း ဘီလ်ကလင်တန် သူ့စာအုပ်များကို လက်မှတ်ထိုးပေးနေ၊ ပို့လိုက်သော ပို့စကတ် နှစ်၃၀ကြာမှရောက် အစရှိသည့် နိုင်ငံတကာသတင်းဆောင်းပါးစုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(က-ပ)**

**ဇွန် ၂၅ရက်က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်မြို့နယ် အတွင်းရှိ သမဝါယမအသင်းများမှ ရဝင်ငွေခွန် ၁၅၀၆၇၅ကျပ်ကို မြို့နယ် ဦးစီးအရာရှိ ဦးဝင်းကြည်သို့ ပေးအပ်စဉ်။ (က-ပ)**





# ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၃၀

၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အစီအစဉ်အရ ဒုတိယနေ့အဖြစ် ယနေ့နံနက်၉ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ပနိုင်ငံ ခုနစ်နိုင်ငံ၊ ကုမ္ပဏီ ၁၈၉ခုမှ ရတနာကုန်သည် ၄၈၇ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၁၂၇ခု မှ နိုင်ငံသားရတနာကုန်သည် ၃၈၁ဦး စုစုပေါင်း ရတနာကုန်သည် ၈၆၈ဦး တက်ရောက်ဝယ်ယူကြသည်။ **(အပေါ်ပုံ)**

ယမန်နေ့ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၅၈တွဲကို ရတနာကုန်သည်များက ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၁၈၆တွဲကို ရောင်းချရသည်။

**အပြိုင်အဆိုင်ဝယ်ယူ**

ယနေ့နံနက်၉နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၂၃၂တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

ဇူလိုင် ၁ရက်တွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် တတိယနေ့အဖြစ် ဆက်လက်ရောင်း ချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရထားရဲတပ်ဖွဲ့ ရဲကျင့်ဝတ်ဖြေ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့၏ ၂၀၀၄ခုနှစ် တပ်ဖွဲ့အဆင့် စံပြရဲနှင့် ရဲကျင့်ဝတ် စာမေးပွဲကို ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်သိန်း၊ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းစိုးတို့ ကြီးကြပ်၍ ဇွန် ၂၈ရက်က စံပြရဲရေးဖြေနှင့် ဇွန် ၂၉ရက်က ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရထားရပ်ကွက် အမက (၅)၌ ကျင်းပရာ စံပြ ရဲအရာရှိ ၁၇ဦး၊ အခြား အဆင့် ၅၈ဦး၊ ပေါင်း ၇၅ဦး၊ ရဲကျင့်ဝတ်အရာရှိ ၂၈ဦး၊ အခြား အဆင့် ၇၃ဦး၊ ပေါင်း ၁၀၁ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ **(သတင်းစဉ်)**



**ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ရွှေရင်အေးစပါးအထွက်ကောင်းမှုကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြစဉ်။**
**(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)**

■ *ကျော့ဖုံးမှ*

နိုင်ငံတော်က ဒေသဝမ်းစာစပါးဖူလုံရေးအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပြီး အထွက်တိုး အထွက်ကောင်းစပါးများ စိုက်ပျိုး ထုတ်လုပ်မှုအောင်မြင်စေရေးအတွက် အထူးအလေးထားကာ စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်းသို့ ရောက်ရှိစေရန် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီးခရိုင်၌ မြို့နယ် ၁၀ခု၊ လွိုင်လင်ခရိုင်တွင်မြို့နယ်၁၁ခုရှိပြီး လူဦးရေမှာ သိန်း၂၀နီးပါးရှိ၏။ ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်းမှာ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ၁၀၀ဒသမ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစောဂျက်ဆင်က ပြောသည်။

## စတင်တွေ့ရှိ

ယခုအခါ ဒေသဝမ်းစာဖူလုံရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရွှေရင်အေးအထွက်ကောင်းစပါးကို စမ်းသပ်စိုက်ပျိုးခဲ့ရာအောင်မြင်မှုများ ရရှိကြောင်းလေ့လာတွေ့ရှိရ၏။ အဆိုပါရွှေရင်အေးအထွက်ကောင်းမျိုးစပါးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က မူဆယ် နမ့်ခမ်းဘက်တွင် စတင် ရှာဖွေတွေ့ရှိခဲ့ပြီး စမ်းသပ်စိုက်ပျိုး သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပထမအဆင့် စမ်းသပ်မှုကို ၂၀၀၃ခုနှစ် ဇွန်လတွင် ဟဲဟိုးမျိုးပွားခြံ၊ တာရောမျိုးစေ့ခြံ(ရွှေညောင်)၊ တာရောသုတေသနခြံ(ရွှေညောင်)တို့တွင် ပြုလုပ်ခဲ့ပြီးမြေပြန့်ဒေသဖြစ်သည့်သာစည်မြို့နယ်၌လည်း သုတေသနပြု စိုက်ပျိုးစေခဲ့သည်။

ရွှေရင်အေးစပါးသည် မူဆယ် နမ့်ခမ်းဒေသတွင် ဖြစ်ထွန်းနေသော SR-456စပါးမျိုးဖြစ်ပြီး အထွက်နှုန်းကောင်းခြင်း၊ စားသုံးမှုနူးညံ့ကောင်းမွန်ကြောင်း၊ မျိုးပွားကာဆက်လက်စိုက်ပျိုးနိုင်သော ဗီဇသန့်စပါးမျိုးဖြစ်ကြောင်း၊ ဒေသခံများအကြိုက် အနည်းငယ်စေးသည့် အနေအထားရှိသည့် သက်လတ်မျိုး စပါးအသစ်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနပညာရှင်များက တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြသည်။

## အောင်မြင်မှုရရှိ

ရွှေရင်အေးမျိုးစပါးကို စတင်စမ်းသပ်ရန် မျိုးစပါးကိုတင်သွင်းမှုအတွက် ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ကုသိုလ်ဖြစ်လှူဒါန်းခဲ့ပြီး စမ်းသပ်အောင်မြင်မှု ရရှိသည့်အခါ မျိုးစေ့ဖြန့်ဖြူးရေး၊ အကျိုးဆောင်တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်ဆက်လက် ပံ့ပိုးကူညီရေး စသည်တို့ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ အချိန်တိုတိုအတွင်း အောင်မြင်မှုရရှိခြင်းဖြစ်ကြောင်း သိရှိရသည်။

ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ရာ ဦးနေဝင်းထွန်းက "ကျွန်တော်တို့က အရှုံးအမြတ်ကို ပဓာနမထားပါဘူး၊ ကျွန်တော်တို့ ဆောင်ရွက်ပေးမှုကြောင့် တောင်သူတွေ စီးပွားရေး အဆင်ပြေလာမယ်၊ စိတ်ချမ်းသာကြမယ်ဆိုရင် ကျွန်တော်တို့အတွက် ကုသိုလ်ရတာပဲ၊ ရွှေရင်အေးမျိုးကောင်းစပါးစိုက်ရင်လဲ ပိုက်ဆံရတာပဲဆိုတဲ့ အသိတရားတွေ ဒေသခံတိုင်းရင်းသားများ သိရှိနားလည်လာမယ်ဆိုရင် ကျွန်တော်တို့ စွန့်စားရကျိုးနပ်ပါပြီ" ဟူ၍ ရိုးသားပွင့်လင်းစွာ ပြောပြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကလည်း ဒေသခံတိုင်းရင်းသား တောင်သူများဝမ်းစာဖူလုံရေးအတွက် လိုအပ်ချက်မှန်သမျှကို ပံ့ပိုးကူညီခြင်း၊ အထွက်ကောင်းစပါးမျိုးများ စိုက်ကြရန် တိုက်တွန်းအားပေးခြင်းများအပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဒေသဝမ်းစာဖူလုံမှု ရာခိုင်နှုန်းများ တိုးတက်လာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဇွန် ၂၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာစိုက်ခင်းတွင် ကျင်းပပြုလုပ်ခဲ့သော ရွှေရင်အေးစပါးမျိုး နွေစပါးရိတ်သိမ်းပွဲတွင် စံကွက်တစ်ဧကကိုရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၄၇ ဒသမ ၅၃တင်း ထွက်ရှိကြောင်း မျက်မြင် တွေ့ရှိခဲ့ရသည်။ စပါးစိုက်ပျိုးမှုမှာ ရေမြေရာသီဥတုနှင့် ချိန်ကိုက်၍ တွက်ဆရသည်။ မြေပြန့်စပါးကို တောင်ပေါ်တွင် စိုက်၍မရပေ။

ထို့အပြင် ဇွန်၂၇ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အလယ်မြောင်းကျေးရွာ စိုက်ကွင်းတွင် ကျင်းပသော ရွှေရင်အေးနွေစပါးရိတ်သိမ်းပွဲကိုလည်း တက်ရောက်ခွင့်ရရှိခဲ့ပြန်ရာ အဆိုပါကျေးရွာမှ လယ်သမားကြီး ဦးကဲပေါ်၏ စံကွက်မှတစ်ဧက အထွက်နှုန်း ၁၇၈ ဒသမ၇၅တင်း ထွက်ရှိကြောင်း အားရဖွယ် တွေ့မြင်ခဲ့ရပြန်သည်။

## ပီတိလွှမ်းခြုံ

ညောင်ရွှေမြို့နယ်အင်းလေးဒေသရှိ သလဲဦးကျေးရွာမှ ရွာသူရွာသားများကလည်း သူတို့ဒေသတွင် ရွှေရင်အေးစပါး အထူးအထွက်ကောင်းခြင်းကို ကိုယ်တွေ့ မျက်မြင်ဖြစ်၍ ဝမ်းသာမဆုံးဖြစ်နေကြသည်။ ကောက်လှိုင်းစည်းများကို ခေါင်းပေါ်ရွက်၍ ကခုန်ပျော်ရွှင်မှုမြင်ကွင်းမှာ မြင်ရသူတို့ကိုပါ ဝမ်းသာအားရဖြစ်စေခဲ့သည်။ ရွှေရင်အေးမျိုးစပါး၏ အထွက်ကောင်းမှုကြောင့် ဒေသခံတောင်သူများပျော်မြူးနေမှု မြင်ကွင်းကိုကြည့်ပြီး တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်အားလုံး ပီတိတွေလွှမ်းခြုံနေကြောင်း တွေ့မြင်ခဲ့ရသည်။

ကောက်ရိတ်သိမ်းပွဲတွင်ဦးနေဝင်းထွန်းက ရွှေရင်အေးစပါးကို စိုက်ပျိုးခြင်းဖြင့် သောကကင်းဝေးရွှေရင်အေးဟု တင်စားလိုကြောင်း၊ ဆန်စပါးအတွက် စိုးရိမ်ပူပန်ခြင်းမှ ကင်းဝေးကြပြီး ဒေသခံတိုင်းရင်းသားများ "ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ"ဆိုသည့် ဆိုရိုးစကားနှင့်အညီ မကြာမီကာလတွင် ရှမ်းပြည်နယ်၌ စပါးတွေတောင်လိုပုံတော့မည်ဟု မိမိထင်မြင်ယူဆမိကြောင်း တင်စားပြောကြားခဲ့သည်။

## ဝမ်းသာမဆုံးဖြစ်

သလဲဦးကျေးရွာတွင် အထွက်ကောင်းသည့် ရွှေရင်အေးစပါး အောင်မြင်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သည့် အသက်(၆၈)နှစ်အရွယ်ရှိ တောင်သူဒေါ်အေးစိန်က "မိမိအသက်(၆၀)ကျော်အတွင်း ဒီလိုအထွက်တိုးတဲ့ စပါးမျိုးကို မမြင်ဖူးမတွေ့ဖူးခဲ့ကြောင်း၊ ပြောမယုံကြုံဖူးမှ သိလာရတဲ့ ဒီရွှေရင်အေးစပါးကြောင့် မိမိတို့ဒေသမှ တောင်သူတွေရဲ့ ရွှေရင်မှာအေးမြပြီး စီးပွားဖြစ်ကြမှာမို့ ဝမ်းသာမဆုံးဖြစ်မိကြောင်း ပြောပြသည်။

တောင်သူဦးကဲပေါ်နှင့်တွေ့ဆုံမေးမြန်းရာတွင် ရွှေရင်အေးမျိုးစပါးကို တိုင်းမှူးကြီး၏ အားပေးတိုက်တွန်းမှုကြောင့် ၆–၁–၂၀၀၆ရက်တွင် စတင်ပျိုးခဲ့ပြီး ၁၆–၁–၂၀၀၆ရက်တွင် စိုက်ခဲ့ကြောင်း၊ ယခုဇွန်လ၂၇ရက်တွင် ရိတ်သိမ်းနိုင်ကြောင်း၊ အကွက်ခြောက်ကွက်ရှိသော တစ်ဧကကွက်အတွက် ယူရီးယားစွမ်းအားဓာတ်မြေဩဇာနှစ်အိတ်၊ တီစူပါတစ်အိတ်၊ ပုလဲဓာတ်မြေဩဇာတစ်အိတ်၊ ပိုတက်စီယမ်အိတ်တစ်ဝက်၊ ကြံမြုပ်ချေးမြေဩဇာ(ဘိုင်အိုကွန်ပေါ်ဇာ)လေးအိတ်၊ အဏုဇီဝသဘာဝမြေဩဇာဖြစ်သည့် EM ဘိုကာရှီ မြေဆွေး ၆'x၃'x၈' ရှစ်ပုံသုံးစွဲခဲ့ကြောင်း ပြောပြသည်။

ထို့အပြင် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းက မှာကြားထားသည့်အတိုင်း တစ်ဧကကွက်တစ်ကွက်တွင် ပျိုးပင် ၁၇၄၀၀၀သုံးစွဲခဲ့ပြီး ကိုးလက်မ x လေးလက်မ စိုက်စနစ်ဖြင့် ပျိုးပင်များ စိုက်ပျိုးခဲ့ကြောင်း ရှင်းပြသည်။

## အထွက်နှုန်းပိုကောင်း

ရွှေရင်အေးစပါးမျိုးသည် စပ်မျိုးမဟုတ်၊ ကပြားမဟုတ်၊ တစ်နှစ်စိုက်ပျိုးပြီး နောက်နှစ်များတွင် မျိုးသုံးမရသောစပါးမျိုးမဟုတ်ဘဲ သန္ဓေသန့်၊ ဗီဇသန့်ပြီး မျိုးပွားနိုင်သည့်စပါးဖြစ်ကြောင်း၊ အအေးခံသည့်စပါးမျိုးဖြစ်၍ တောင်ပေါ်ဒေသနှင့် ကိုက်ညီမှုရှိကြောင်း၊ မြေဩဇာပိုမိုကျွေးလျှင် အထွက်နှုန်းပိုကောင်းကြောင်း၊ အေးသောအခါ ဆန်ကမာမသွားကြောင်းတို့ကို စိုက်ပျိုးရေး ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။

ရွှေရင်အေးစပါး၏ အပင်အမြင့်သည် သုံးပေခွဲခန့်ရှိပြီးခိုင်မာမှုရှိ၍ ယိုင်လဲမှုကင်းသည်။ မြေပြန့်တွင်စိုက်ပါက တောင်ပေါ်နှုန်းထက် တစ်ဝက်ခန့်ထွက်သည်။ အပင်ပွားနှုန်းမှာ ၁၀ ပင်မှ ၁၄ပင်ရှိ၏။ တစ်နှံပါသီးလုံးမှာ ၁၀၀မှ ၁၄၀အထက်ရှိပြီး စပါးစေ့မှာ သွယ်၍ရှည်သည်။ ဆန်စေ့အရွယ်အစားမှာ ၇ဒသမ၄မီလီမီတာရှိပြီး ညှော်မထ အုပ်စုဝင်စပါးမျိုးဖြစ်ကြောင်း၊ ဆန်ရှည်ဆန်သားကြည်လင်ပြီး နူးညံ့ကောင်းမွန်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်ကရှင်းပြသည်။

## အောင်မြင်မှုသရဖူ

ရွှေရင်အေးစပါးစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစောဂျက်ဆင်၊ ရှမ်းပြည်နယ်မြေစာရင်းမှူး ဦးတင့်ဆန်း၊ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဟန်ခင်နှင့် ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဖြိုးတို့သည် တိုင်းမှူးနှင့်အတူ ပြည်နယ်အတွင်း ကွင်းဆင်း၍ ရွှေရင်အေးစပါးမျိုး စိုက်ပျိုးထုတ်လုပ်မှုကို ပံ့ပိုးပေးခဲ့သဖြင့် ရွှေရင်အေးစပါးမှအချိန်တိုကာလအတွင်း အောင်မြင်မှုသရဖူဆောင်းခဲ့ခြင်းဖြစ်သည်။



**ပတ္တမြားနဂါးကုမ္ပဏီက ဖြန့်ဖြူးရောင်းချပေးသော ရွှေရင်အေးမျိုးစပါးများ။**
**(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)**

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ခေါင်းဆောင်သော မျိုးစေ့ဌာနခွဲမှ အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်၊ သုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်၊ အထက်မြန်မာပြည် မျိုးစေ့တာဝန်ခံ မန်နေဂျာ ဒေါ်ဌေးဌေးဝင်းနှင့် လက်ထောက်မန်နေဂျာ ဦးခင်မောင်ဝင်း၊ ဦးမြင့်အောင်တို့ကလည်း နည်းပညာပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီပေးခဲ့ကြကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ဒေသဆန်ဖူလုံရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ၁၀၀ဒသမ၃၀ ရာခိုင်နှုန်းပြည့်မီအောင် ကြိုးပမ်းခဲ့ပြီး ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ပိုမို တိုးတက်အောင် ဆောင်ရွက်ကြရန် တိုင်းမှူးက တိုက်တွန်းမှာကြားခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဧရိယာဧက တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြရေး နည်းလမ်းများ အသုံးပြုလျက်ရှိသည်။

## နည်းလမ်းလေးသွယ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တစ်ပြည်လုံးတွင် ဒေသဝမ်းစာဖူလုံရေးအတွက် ပေါင်းစပ်ဆောင်ရွက်ရမည့် နည်းလမ်းကြီးလေးသွယ်ကိုချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ စိုက်နည်းစနစ် မှန်ကန်ရေး၊သီးနှံအလိုက် အထွက်ကောင်းမျိုးကို သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသအတွက် သဘာဝ မြေဩဇာပေါင်းစပ်သုံးစွဲရေး၊သီးနှံအလိုက်ရေတော်မီးတော် စိုက်ကေများ တိုးတက်ဖြစ်ပေါ်ရေးတို့ဖြစ်သည်။ ရွှေရင်အေးမျိုးစပါးမျိုးကို ရှာဖွေတွေ့ခဲ့ခြင်းသည် အထွက်ကောင်းမျိုး သုံးစွဲရေးဟူသော လမ်းညွှန်မှာကြားချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း တိုင်းမှူးက ရှင်းလင်းပြောကြားသည်။

တိုင်းမှူးသည် စာပေဝါသနာပါသူပီပီ ရွှေရင်အေးစပါး၏ အောင်မြင်မှုနှင့် ပတ်သက်၍ ခံစားစပ်ဆိုထားသောစာချိုးကလေးများကိုကောက်ရိတ်သိမ်းပွဲများတွင် ရွတ်ဆိုပြလေ့ရှိကြောင်း သိရသဖြင့်အောက်ပါအတိုင်း လက်ဆင့်ကမ်း တင်ပြလိုက်ရပါသတည်း။ ။

**စားလို့ကောင်း**
**ဈေးကွက်ကောင်း**
**အထွက်လည်းစိတ်ချရ**
**မျိုးလည်းစိတ်မပူရတဲ့**
**စိုက်သူ–စားသူတို့၏**
**ရွှေရင်ကိုအေးစေမယ့်**
**ရွှေရင်အေးစပါးမို့**
**အရှိန်အဟုန်မြှင့်စိုက်ကြစို့။ ။**

**ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အလယ်မြောင်းကျေးရွာ ရွှေရင်အေးစပါးစိုက်ကွင်းကို မျက်စိတစ်ဆုံး ဤသို့တွေ့ရသည်။**
**(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)**



# အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့် မြို့တော်စည်ပင် ကွာတားတက်ကြပြီ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့်၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၂၁ ရက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပလျက်ရှိသည်။ ယနေ့ပွဲစဉ်များ ယှဉ်ပြိုင်အပြီးတွင် အုပ်စု(က)မှ စွမ်းအင်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိသွားကြသည်။ အုပ်စုပွဲစဉ်များ ဇူလိုင် ၃ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၅ရက်နှင့် ၆ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ၁၅ သင်းပါဝင်

၂၀၀၄–၂၀၀၅ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင်မလိခအသင်း မပါဝင်၍ ၁၅သင်းသာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဘဏ္ဍာ/အခွန်၊ ဆောက်လုပ်ရေး၊ မြို့တော်စည်ပင်၊ သစ်တောရေးရာ၊ လယ်ယာ/ဆည်မြောင်း၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ စီးပွား/ကူးသန်း၊ ကာကွယ်ရေး၊ တပ်မတော်(ကြည်း)၊ ပြည်ထဲရေး၊ လယ်ယာထွက်ကုန်တို့နှင့်အတူ ပုဂ္ဂလိကအသင်းများဖြစ်ကြသော ကမ္ဘောဇ၊ တံခွန်နှင့် ပတ္တမြားနဂါးတို့ ပါဝင်ကြသည်။

## အုပ်စု(က)

အုပ်စု(က)တွင် စွမ်းအင်၊ ဆောက်လုပ်ရေး၊ မြို့တော်စည်ပင်နှင့် တံခွန်တို့ပါဝင်ကြသည်။ အုပ်စု(က)သည် အသင်းကြီးများပါဝင်နေ၍ အုပ်စုကျပ်သည်။ စွမ်းအင်အသင်းသည် ၂၀၀၃–၂၀၀၄ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲထားသည်မှာ ပူပူနွေးနွေးသာရှိသေးသည်။ တံခွန်အသင်းသည် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။

အုပ်စု(က)ပွဲစဉ်များအပြီးတွင် စွမ်းအင်အသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၅)မှတ်ဖြင့် အုပ်စုပထမ ရရှိသည်။ မြို့တော်စည်ပင်အသင်းက သုံးပွဲကစားတစ်ပွဲနိုင်၊ နှစ်ပွဲသရေ(၅)မှတ်ဖြင့် အုပ်စုဒုတိယရရှိသည်။ တံခွန်အသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး (၃)မှတ်၊ ဆောက်လုပ်ရေးအသင်းက သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲရှုံး (၂)မှတ်ရရှိပြီး အုပ်စုအဆင့်မှ ထွက်သွားရသည်။

အုပ်စု(က)ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် စွမ်းအင်က တံခွန်ကို လေးဂိုး–နှစ်ဂိုး၊ မြို့တော်စည်ပင်က တံခွန်ကို နှစ်ဂိုး–ဂိုးမရှိ၊ တံခွန်က ဆောက်လုပ်ရေးကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။ စွမ်းအင်နှင့် မြို့တော်စည်ပင် တစ်ဂိုးစီ သရေ၊ ဆောက်လုပ်ရေးနှင့် မြို့တော်စည်ပင် ဂိုးမရှိ သရေ၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး တစ်ဂိုးစီ သရေကျခဲ့ကြသည်။

## အုပ်စု(ခ)

အုပ်စု(ခ)တွင် ကမ္ဘောဇ၊ လယ်ယာ/ဆည်မြောင်း၊ ပတ္တမြားနဂါးနှင့် ကာကွယ်ရေးတို့ပါဝင်ကြသည်။ အုပ်စု(ခ)၌ တစ်သင်းလျှင် နှစ်ပွဲစီကစားထားပြီးဖြစ်ရာ လယ်ယာ/ဆည်မြောင်း၊ ပတ္တမြားနဂါးနှင့် ကာကွယ်ရေးတို့ (၃)မှတ်စီ တူညီနေသည်။ ကမ္ဘောဇအသင်းက တစ်မှတ်သာရရှိထား၍ အုပ်စုတက်ရေး အလားအလာ မှေးမှိန်လျက်ရှိသည်။ အုပ်စုလက်ကျန် ပွဲစဉ်များအဖြစ် ကမ္ဘောဇနှင့် လယ်ယာ/ဆည်မြောင်း၊ ပတ္တမြားနဂါးနှင့် ကာကွယ်ရေးတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ကာကွယ်ရေးက ကမ္ဘောဇကို သုံးဂိုး–တစ်ဂိုး၊ ပတ္တမြားနဂါးက လယ်ယာ/ဆည်မြောင်းကို သုံးဂိုး–တစ်ဂိုး၊ လယ်ယာ/ဆည်မြောင်းက ကာကွယ်ရေးကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ကမ္ဘောဇနှင့် ပတ္တမြားနဂါး နှစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စု(ခ)တွင် လက်ကျန်ပွဲစဉ် အနေအထားအရ ကာကွယ်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ကွာတားဖိုင်နယ်တက်ရန် အလားအလာကောင်းနေသည်။

## အုပ်စု(ဂ)

အုပ်စု(ဂ)တွင် သစ်တောရေးရာ၊ ဘဏ္ဍာ/အခွန်၊ လယ်ယာထွက်ကုန်နှင့် ပို့ဆောင်ရေးတို့ပါဝင်ကြသည်။ အုပ်စု(ဂ)၌ တစ်သင်းလျှင် နှစ်ပွဲစီ ကစားထားပြီးဖြစ်ရာသစ်တောရေးရာအသင်းက နှစ်ပွဲနိုင်(၆)မှတ်၊ ဘဏ္ဍာ/အခွန်က တစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၃)မှတ်၊ လယ်ယာထွက်ကုန်က တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်ရရှိထားပြီး ပို့ဆောင်ရေးက နှစ်ပွဲကစား နှစ်ပွဲရှုံး အမှတ်မရသေးပေ။

အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း အုပ်စုပထမရမည်ဟုထင်ကြေးပေးခဲ့ကြသော်လည်း သစ်တောရေးရာက ဘဏ္ဍာ/အခွန်ကို တစ်ဂိုး–ဂိုးမရှိဖြင့်မထင်မှတ်ဘဲ အနိုင်ရရှိသွား၍ အုပ်စုပထမရရန် မသေချာတော့ပေ။ အုပ်စု(ဂ)ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘဏ္ဍာ/အခွန်က လယ်ယာထွက်ကုန်ကို သုံးဂိုး–ဂိုးမရှိ၊ လယ်ယာထွက်ကုန်က ပို့ဆောင်ရေးကို နှစ်ဂိုး–တစ်ဂိုး၊ သစ်တောရေးရာက ပို့ဆောင်ရေးကို သုံးဂိုး–နှစ်ဂိုး၊ သစ်တောရေးရာက ဘဏ္ဍာ/အခွန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် ဇူလိုင် ၂ ရက်တွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေး၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာနှင့် လယ်ယာထွက်ကုန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## အုပ်စု(ဃ)

အုပ်စု(ဃ)တွင် စီးပွား/ကူးသန်း၊ ပြည်ထဲရေးနှင့် တပ်မတော်(ကြည်း)တို့ ပါဝင်ကြသည်။ အုပ်စု(ဃ)၌ ကစားထားပြီး အနေအထားအရ စီးပွား/ကူးသန်းက တစ်ပွဲနိုင်(၃)မှတ်၊ ပြည်ထဲရေးက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်ရရှိထားပြီး တပ်မတော်(ကြည်း)က တစ်ပွဲရှုံး အမှတ်မရသေးပေ။အုပ်စုလက်ကျန်ပွဲစဉ်အဖြစ် ဇူလိုင် ၃ ရက်တွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ တပ်မတော်(ကြည်း)နှင့် စီးပွား/ကူးသန်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ သရေကျရုံနှင့် စီးပွား/ကူးသန်း အုပ်စုပထမရရှိမည်ဖြစ်သည်။

## ဂိုးအများဆုံးသွင်းထားသူများ

ဇွန် ၃၀ ရက်ပွဲစဉ်များအပြီးတွင် ဂိုးအများဆုံးသွင်းထားသူများမှာ နေသူလှိုင်(ပြည်ထဲရေး)နှင့် နိုင်ဝင်း(စွမ်းအင်)တို့က သုံးဂိုး သွင်းယူထားသည်။ နှစ်ဂိုးသွင်းထားသူများမှာ အောင်ကျော်ထွန်း(သစ်တောရေးရာ)၊ စည်သူမောင်(လယ်/ဆည်)၊ လင်းဇော်ထိုက်(ကမ္ဘောဇ)၊ အောင်မိုးဦး(ကာကွယ်ရေး)၊ ငွေအောင်(ကာကွယ်ရေး)၊ စိန်သောင်း(ပတ္တမြားနဂါး)၊ မာလ(စီးပွား/ကူးသန်း)နှင့်သန်းဝဏ္ဏအောင်(မြို့တော်စည်ပင်)တို့ဖြစ်ကြသည်။

## ငွေသားဆုချီးမြှင့်မည်

၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ ပထမဆုရရှိသောအသင်းကို ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရရှိသောအသင်းကို ငွေကျပ်သိန်း ၂၀ ချီးမြှင့်မည်ဖြစ်သည်။ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ၌ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကိုချီးမြှင့်ခြင်းမရှိဘဲ ဘောလုံးရာသီကုန်ဆုံးမှသာ အကောင်းဆုံးဘောလုံးသမားဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)



တံခွန်အသင်းမှ သူရိန်စိုး(၁၁)၏ ထိုးဖောက်မှုကို မြို့တော်စည်ပင် နောက်ခံလူ သက်နိုင်စိုး(၅)က ဖျက်ထုတ်စဉ်။ (မြန်မာ့အလင်း)

### အုပ်စု(က)ရပ်တည်မှုအနေအထား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | စွမ်းအင် | ၃ | ၁ | ၂ | – | ၆ | ၄ | ၅ |
| ၂ | မြို့တော်စည်ပင် | ၃ | ၁ | ၂ | – | ၃ | ၁ | ၅ |
| ၃ | တံခွန် | ၃ | ၁ | – | ၂ | ၄ | ၇ | ၃ |
| ၄ | ဆောက်လုပ်ရေး | ၃ | – | ၂ | ၁ | ၂ | ၃ | ၂ |



မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသားပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ရာ အသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်နှင့် နည်းပြ ဦးခင်မောင်ဝေတို့ လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

# ပြည်နယ်နှင့်တိုင်း အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲပြီးစီး

ရန်ကုန် ဇွန် ၃၀

**၂၀၀၄ ခုနှစ် ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့ တံခွန်စိုက်ဒိုင်းဆုများ အသီးသီးဆွတ်ခူးရရှိသွားသည်။**

အမျိုးသမီးဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့်ကယားပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်းသို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရ ဗိုလ်စွဲသွားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကောင်းဆုံးအား ကစားသမားဆုရရှိသည့် နှစ်ဦးအား ဆုကြေးကျပ်နှစ်သောင်းစီ၊ အမျိုးသား အမျိုးသမီးပြိုင်ပွဲများတွင် တတိယဆုရရှိသော အသင်းများအား ဆုကြေးကျပ်ခုနှစ်သောင်းစီ၊ ဒုတိယရရှိသော အသင်းများအား ဆုကြေးကျပ် တစ်သိန်းစီ၊ ပထမဆုရရှိသော အသင်းများအား ဆုကြေးကျပ် တစ်သိန်းခွဲစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းအသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ (မြန်မာ့အလင်း)

# မြန်မာ–ဂျပန်ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကြိုတင်လက်မှတ်ရောင်းပြီ

**ရန်ကုန် ဇွန် ၃၀**

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့၏ ကြီးကြပ်စီစဉ်မှုဖြင့် T&T Group က တာဝန်ယူကျင်းပသော မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပမည်ဖြစ်ရာ ကြိုတင် လက်မှတ်များကို အောင်ဆန်းအားကစားပြိုင်ကွင်း(အထူးတန်းပွဲကြည့်စင်ရှေ့)၊ Sport Bar Restaurant (ဗိုလ်တထောင် ကမ်းနားလမ်းနှင့် သိမ်ဖြူလမ်းထောင့်)၊ Playboy Restaurant(စမ်းချောင်းမီးပွိုင့်အနီး၊ ပြည်လမ်း)နှင့် Hero Restaurant(မင်းဓမ္မလမ်း)တို့၌ ရောင်းချပေးလျက်ရှိသည်။ ဝင်ကြေးအဖြစ် ရိုးရိုးတန်း ငွေကျပ် ၃၀၀၀၊ အထူးတန်း ငွေကျပ်၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

# အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့်ဆောက်လုပ်ရေး တစ်ဂိုးစီသရေကျ

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အုပ်စု(က)မှ စွမ်းအင်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

စွမ်းအင်အသင်းအတွက်ဦးဆောင်ဂိုးကို ပွဲချိန် ၂၃မိနစ်တွင် မျိုးဇော်ဦးက သွင်းယူပေးသည်။ ဆောက်လုပ်ရေးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် စည်သူသန်းက သွင်းယူပေးသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသော မြို့တော်စည်ပင်အသင်းနှင့် တံခွန်အသင်းပွဲစဉ်တွင် မြို့တော်စည်ပင်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြို့တော်စည်ပင်အသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးကို သန်းဝဏ္ဏအောင်က သွင်းယူပေးသည်။

## ယနေ့ပွဲ

ဇူလိုင် ၁ ရက်(ယနေ့) ညနေ ၃နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပတ္တမြားနဂါးအသင်းနှင် ကာကွယ်ရေးအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကမ္ဘောဇအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (မြန်မာ့အလင်း)

# ချက်နှင့် ဂရိ နှိုင်းယှဉ်ချက်

ရန်ကုန် ဇွန် ၃၀

**ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဇူလိုင် ၂ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ချက်အသင်းနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ချက်နှင့် ဂရိတို့၏ အုပ်စုပွဲစဉ်နှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဖြတ်သန်းခဲ့မှုအနေအထား နှိုင်းယှဉ်ချက်ကို ဖော်ပြလိုက်ပါသည်။**

| ချက်အသင်း | ဂရိအသင်း |
|---|---|
| ချက် ၂–၁ လတ်ဗီးယား | ဂရိ ၂–၁ ပေါ်တူဂီ |
| ချက် ၃–၂ ဟော်လန် | ဂရိ ၁–၁ စပိန် |
| ချက် ၂–၁ ဂျာမနီ | ဂရိ ၁–၂ ရုရှား |
| ချက် ၃–၀ ဒိန်းမတ် | ဂရိ ၁–၀ ပြင်သစ် |

(မြန်မာ့အလင်း)



# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲ ဆုပေးပွဲနှင့်အလှူငွေပေးအပ်

မော်လမြိုင် ဇွန် ၂၉

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန်၂၆ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြားသည်။** (ဝဲပုံ)

အစီအစဉ်အရပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး(ဗဟို)အဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပေးပို့သည့် သဝဏ်လွှာကို မွန်ပြည်နယ်ရဲတပ်ဖွဲ့ရဲမှူးကြီးသိန်းလင်းက ဖတ်ကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် ကျန်းမာရေး ဦးစီးဌာန စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်ကိုကိုသူနှင့် မွန်ပြည်နယ်ဥပဒေရုံး ဒုတိယပြည်နယ်ဥပဒေအရာရှိဦးအေးချိုတို့က ကာကွယ်ရေးပိုင်းဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာတို့ကို အသီးသီး ရှင်းလင်းဟောပြောကြသည်။

**ဆုချီးမြှင့်**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲဝင်ကြသည့်ဆုရကျောင်းသားကျောင်းသူများအားဆုပေးပွဲကိုကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

**မှတ်တမ်းလွှာ**

ထို့နောက်အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အလှူရှင် မော်လမြိုင်မြို့ (ဆွေမိုး-အောင့်ဖ်ဆက်) ဦးအောင်ဇော်မိုး မိသားစု၊ (ငွေမိုးဟိုတယ်) ဦးမိုးကျော် မိသားစု၊ ဦးမောင်ချစ် (အောင်တံခွန်-ကားဂိတ်) မိသားစုတို့ အပါအဝင်အလှူရှင် ၁၂ ဦးထံမှ ငွေကျပ် ၁၃သိန်းကို ပေးအပ်လှူဒါန်းကြရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်းနှင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံရွှေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**(၁၆၈)**



**ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေ(၂)ရပ်ကွက်နှင့် စက်မှုလက်မှုသိပ္ပံကျောင်းသို့ ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုးမြေသားလမ်းကိုရပ်ကွက်ပြည်သူများ စုပေါင်းမြေဖို့ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာဦးဇော်မျိုးထွေးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးချစ်လှိုင်တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

**အင်ပူမြို့နယ် ချောင်းခွကွင်း အခြေခံပညာမူလတန်းကျောင်းတွင် မေ၂၇ရက်က သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ယဉ်သိန်းက ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။** (က-ပ)




**ဇွန် ၂ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်အဖွဲ့၊ မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အလိုတော်ပြည့်ကျောင်းသွားလမ်းကတ္တရာခင်းမှုအား ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# အမြို့မြို့အနယ်နယ် သတင်းများ

## မြန်မာ့အသံ

**၂-၇-၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (အရည်အသွေးမြင့်ခေါင်းလျှော်ရည် ထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ ကျန်းမာရေးနှင့်ဆေးပညာ (သွေးတိုးရောဂါ ကာကွယ်ပါ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ရွှေဝတ်မှုံထုံကာသင်းလေပြီ)
၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (အပြိုင်စိုက်ကြမယ်)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေး(ခေါင်းကြီး)
(၂) ပြည်ပန်းညိုချိုချင်လျက်ကြားက ဆားကဖျက် (ဆောင်းပါး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် လေသန့်သန့် ရှူရှိုက်နိုင်ဖို့အကြောင်း- မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (အောင်စေ-ကာလပေါ် တူရိယာအဖွဲ့)

## နေ့ချင်းသတင်းစာရောက်ရှိ ပြည်သူများဝမ်းမြောက်

သီပေါ ဇွန် ၂၃

**ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မြန်မာ့အလင်း၊ ကြေးမုံ ကိုယ်ပွား သတင်းစာတိုက်ကို ဇွန် ၂၀ ရက်က ဖွင့်လှစ်ပေးသဖြင့် သီပေါမြို့နယ် အပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များ အားလုံးနေ့ချင်းသတင်းစာများ ရောက်ရှိနေပြီဖြစ်သည်။**

ယခင်ကမန္တလေးကပေးပို့သည့် သတင်းစာများကိုတစ်ရက်၊ နှစ်ရက်ခြားဆိုသလို ဖတ်ရှုခဲ့ကြရာမှ ယခုအခါတွင် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများကို အချိန်နှင့် တစ်ပြေးညီ နေ့ချင်းဖတ်ရှုကြရသဖြင့် သတင်းစာဖတ်ပြည်သူများက ဝမ်းမြောက်လျက်ရှိကြပြီး နိုင်ငံတော်အစိုးရကို ကျေးဇူးတင်လျက်ရှိကြကြောင်း သိရသည်။ (၃၀၆)

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်စာစီစာကုံး ပြိုင်ပွဲကို ဇွန် ၂၆ ရက်ကပခုက္ကူမြို့ အ ထ က (၁) ကျောင်းခန်းမ၌ ကျင်းပရာအလယ်တန်းဆင့်၊ အထက်တန်းဆင့်ကျောင်းသား၊ ကျောင်းသူ ၆၈ ဦး ဝင်ရောက်ဖြေဆိုကြစဉ်။** (၄၁၃)



# မော်ကျွန်းကိုယ့်အားကိုယ်ကိုး သုတပိမာန်စာကြည့်တိုက်ဖွင့်

**မော်လမြိုင်ကျွန်း ဇွန် ၂၃**

မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်က ဇြန့်ကြီး မြစ်ကျိုးကျေးရွာ သုတပိမာန် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ကို မြို့နယ် ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ ဓာတ်ပုံ ကျွမ်းကျင်(၂) ဦးမြင့်အောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို ဇွန် ၁၃ ရက်မှ ၂၁ ရက် အထိ မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွန်းချောင်း၊ ဖိုးတီလွတ်၊ ဇြန့်ကြီးမြစ်ကျိုး၊ ဇြန့်ကြီး အုန်းပင်စု၊ လပွတ်ကွဲတဲချောင်း၊ စိန်ပန်း၊ ဘုရားကြီးကုန်း၊ ထူထောကမြ၊ ကျုံလမုကြီး၊ ဂုံညှင်းတန်း၊ ပျားမွတ်ကျုံးလတာနှင့် ဘိုးသာအေးကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများနှင့် ဟောပြောပွဲများ ကျင်းပခဲ့သည်။

ထို့အတူ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ ဇွန် ၁၈ ရက်က ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်သောမြို့အဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိဦးအောင်ကိုလတ် လိုက်လံရှင်းလင်းပြသစဉ်။** (က-ပ)



# နှစ် ( ၂၀ )မြောက် မင်္ဂလာဆုတောင်း

ချစ်မြတ်နိုးလေးစားရသော ဖေဖေ ကက်ပတိန်ကျော်သူ (M.V စစ်ကိုင်း) နှင့် မေမေ ဒေါ်စိုးစိုးအေး(ခ)ချိုတို့၏ ၁–၇–၂၀၀၄ရက်နေ့တွင် ကျရောက်သော အနှစ်(၂၀)မြောက် မင်္ဂလာနေ့မှသည် မိသားစုနှင့်အတူ သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**သားကြီး–မောင်ကျော်သက်စိုး ဒုတိယနှစ် ဆေးတက္ကသိုလ်(၁)**

**သားလတ်–မောင်ကျော်သူရစိုး (X A) T.T.C**

**သားငယ်–မောင်ကျော်သုခအောင်(ခ)ကျော်သန့်မွန်စိုး (VII A) T.T.C**

**သမီးထွေး–မဝင့်ယမုံကျော်သူ (VI K) T.T.C**










## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

အက်စ်ပီဒင် ဆောက်လုပ်ရေးကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၁။ အကြီးတန်းအင်ဂျင်နီယာ B.E Civil& Equalvent ကျား(၂)ဦး
(လုပ်ငန်းအတွေ့အကြုံ သုံးနှစ်နှင့်အထက်ရှိပြီး မြန်မာနိုင်ငံအတွင်း ကျရာစီမံကိန်း၌ တာဝန်ထမ်းဆောင်နိုင်သူ)

၂။ လက်ထောက်အင်ဂျင်နီယာ B.Tech, A.G.T.I Civil ကျား(၅)ဦး
(လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်နှင့်အထက်ရှိပြီး၊ မြန်မာနိုင်ငံအတွင်း ကျရာစီမံကိန်း၌ တာဝန်ထမ်းဆောင်နိုင်သူ)

၃။ စတိုမှူး(တက္ကသိုလ်/ကောလိပ်တစ်ခုခုမှ ဘွဲ့(သို့)ဒီဂရီရရှိပြီးသူ ကျား(၁)ဦး
ကွန်ပျူတာအသုံးပြုနိုင်သူ)

၄။ လက်ထောက်စတိုမှူး (အခြေခံအထက်တန်းအဆင့်) ကျား(၃)ဦး

၅။ လုံခြုံရေး(နေ့/ည)တာဝန်ယူရမည်ဖြစ်ပြီး ရန်ကုန်(သို့)နယ်တွင် ကျား(၇)ဦး
တာဝန်ထမ်းဆောင်ရမည်)

### ရန်ကင်းစင်တာ MANAGEMENT & MAINTENANCE တွင် တာဝန်ထမ်းဆောင်ရန်

၁။ လက်ထောက်မန်နေဂျာ ကျား(၁)ဦး
ပြည်တွင်း/ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့/ဒီဂရီရရှိပြီး
အင်္ဂလိပ်စာနှင့်ကွန်ပျူတာ ကျွမ်းကျင်စွာအသုံးပြုနိုင်သူ။
အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိပြီး
အသက် ၃၅–၄၅နှစ် အတွင်း၊ သင့်တင့်သောရုပ်ရည်နှင့်
စကားပြော လိမ္မာသိမ်မွေ့သူ။

၂။ စက်ပြင်ကျွမ်းကျင်
(ဒီဇယ်အင်ဂျင်ကြီးများအား ပြုပြင်ထိန်းသိမ်းနိုင်သူ) (၁)ဦး

၃။ အချိန်ပြည့် ပြုပြင်ထိန်းသိမ်းရေးလုပ်သား ကျား (၂)ဦး
(ဆေးသုတ်/ ပန်းရန် လက်သမားစသည့် အထွေထွေပြုလုပ်နိုင်သူ)

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်၊ ဘွဲ့/လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ လုပ်ငန်းအတွေ့အကြုံဖော်ပြချက်၊ မျှော်မှန်းလစာနှင့် အခြားစာရွက်စာတမ်းများနှင့်အတူ (အထွေထွေမန်နေဂျာ) 4C4ရန်ကင်းစင်တာ၊ ရန်ကင်းသို့ လိပ်မူ၍ ၂၀၀၄ခု ဇူလိုင်လ ၁၅ ရက် မတိုင်မီ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အက်စ်ပီဒင်ဆောက်လုပ်ရေးကုမ္ပဏီ။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဇွန်လ (၃၀)ရက်

### တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရ နည်းပညာကောလိပ် (၃)ထပ်အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟင်္သာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(B.Q)နှင့် တကွပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရ နည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါ လိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**အမှတ် ၁၂၃၊ နတ်မောက်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၅၄၂၈၇၃၊၅၄၃၃၃၆**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာ၊ ကုန့်ကယ်ရပ်နေ ဦးမောင်ဖြူ(ခ)ဦးထွန်းကျော်–ဒေါ်ခင်ရွှေမှုတို့၏သား မောင်ကျော်မျိုးတင့် ၁၃/ညရန(နိုင်)၀၃၃၁၃၆သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှလုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဦးမောင်ဖြူ(ခ)ဦးထွန်းကျော်**
**၁၃/ညရန(နိုင်)၀၃၁၈၉၆**

### ရောင်းမည်

ကြို့ကုန်း ၇လမ်းမြောက် ပေ ၅၀ x ပေ ၇၀ ကျောက်တော်ကြီးဘုရားအနီး၊အိမ်ပါ၊ ရေမီးစုံ၊ ဂရန်မြေ။

**ဆက်သွယ်ရန်–၅၁၀၉၁၂၊ ၅၁၀၅၄၁**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးဖြစ်သူ မစောမြသီတာ ၁၃/ကတန(နိုင်) ၀၀၀၇၂၂ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ **မိခင် ဒေါ်ခင်စုလှိုင်။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

### ချိပ်ပိတ်စျေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်စျေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| ၁။ | စက်ဆီ၊ ချောဆီများ |
| ၂။ | ယာဉ်စက်/ယန္တရား အရန်ပစ္စည်းများ |

စျေးနှုန်းလွှာပိတ်ရက်မှာ ၁၆–၇–၂၀၀၄ ရက် ၁၆း၀၀ နာရီဖြစ်ပြီး စျေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂ (လိုင်းခွဲ) ၂၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။**



## ကျေးလက်ဒေသ ရေရရှိရေး တူးဖော်ဆောင်ရွက်

မြိုင် ဇွန် ၁၅

**မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့သည် ဇွန် ၉ ရက်က အလှူရှင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၉၄) အနော်ရထာလမ်း၊ မြသိန်းတန်ကျောင်းတိုက် ဆရာတော်က လှူဒါန်းသော အိုးဘိုကျေးရွာ လေးလက်မ (ဒိုင်ယာမီတာ) စက်ရေတွင်းတူးဖော်ပြီးစီး၍ စမ်းသပ်ရေမှုတ်မှုကို သွားရောက်ကြီးကြပ်ဆောင်ရွက်ကြသည်။ (ဝဲပုံ)**

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ၂ လက်မစက်ရေတွင်း နှစ်တွင်း၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၄ လက်မ စက်ရေတွင်း ငါးတွင်းနှင့် ၂ လက်မ စက်ရေတွင်း ၁၆ တွင်း၊ သတ္တမအကြိမ် အလှူရှင် စက်ရေတွင်း ၂ လက်မ လေးတွင်း စုစုပေါင်း ၂၇ တွင်း တူးဖော်ပေးမည်ဖြစ်ရာ ယနေ့အထိ ၄ လက်မ စက်ရေတွင်းနှစ်တွင်း၊ ၂ လက်မ စက်ရေတွင်းသုံးတွင်း တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒဂုံ–မန်း လမ်းဘေးဝဲယာနှင့် အလကကျောင်းရှေ့တွင် ရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)



**ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာန ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲမှ လှူဒါန်းငွေ ကျပ်နှစ်သိန်းကို ဖြပ္ပ ဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန လမ်း၊ (၁၆/၂)ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့်ဇနီး တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေဇီးကွက်)တို့က လက်ခံယူကြစဉ်။**
(က–ပ)



**ဇွန် ၁၆ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးစိုးနိုင်အေးနှင့် ဝန်ထမ်းများ သီရိရတနာဈေးအတွင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။**
(မြို့နယ် စည်ပင်)

## (၆၅)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် ဇွန် ၃၀**

စမ်းချောင်းမြို့နယ် ဗဟို(ရှမ်း)လမ်းမှ ဦးအောင်မြင့်စိုး**(အပေါ်ပုံ)**သည် ဇွန် ၂၀ ရက်က မင်္ဂလာဇျူဟာ အသင်းချုပ်တွင် (၆၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။
**(က–ပ)**

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသစ်ပင်စိုက်

**ရပ်စောက် ဇွန် ၂၈**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ရက် နံနက် ၈နာရီက မိုးမခတောင်ခြေတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းနိုင်အောင်လင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမိုးလွင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပြည်သူများ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်းပါဝင်၍ သစ်ဆိမ့်ပင် ၂၅၀၀ ကျော် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆွီဒင်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန် ဇွန် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr. Jan Axel Nordlander အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr. Jan Axel Nordlander အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**



## ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀-၆-၂၀၀၄

| | |
|---|---|
| မင်္ဂလာဒုံ | ၀ ဒသမ ၀၈ လက်မ |
| ရန်ကုန်မြို့လယ် | ၀ ဒသမ ၀၈ လက်မ |
| ကမ္ဘာအေး | ၀ ဒသမ ၅၅ လက်မ |

# စီးပွားဖြစ်ထုတ်မည့်လုပ်ငန်းရှင်များအား နိုင်ငံတော်က အဘက်ဘက်က အားပေးသွားမည် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး လယ်ယာကိုင်းကျွန်းသီးနှံများ အားစိုက် တိုးတက်ထုတ်လုပ်

**ရန်ကုန် ဇွန် ၃၀**

စိုက်ပျိုးထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပို့ကုန်လုပ်ငန်းတိုးမြှင့်တင်ပို့ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❐

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း စိုက်ပျိုးထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပို့ကုန်လုပ်ငန်း တိုးမြှင့်တင်ပို့ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**





## လက်တွဲဝန်းရံ အမျိုးသား ညီလာခံ

# ရှမ်းတောင်တန်းမှာစပါးတွေတောင်လိုပုံတော့မည် ‘ရွှေရင်အေး’အထွက်ကောင်းစပါးစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ**

**သောင်းဝင်းမိုးလ်**

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံကောင်းသော နိုင်ငံဖြစ်၏။ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများသည် စပါးမှထွက်သော ဆန်ကိုသာ အဓိကထား စားသုံးမှုရှိကြ၏။ သို့ဖြစ်လေရာ ပြည်နယ်၊ တိုင်းများရှိ ဒေသအသီးသီးတွင် ဝမ်းစာဖူလုံပိုလျှံစေရေးအတွက် အထွက်တိုးစပါး စိုက်ပျိုးထုတ်လုပ်မှုကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ■



**ရွှေရင်အေး စပါးအထွက်ကောင်းကြောင်းကောက်လှိုင်းများက သက်သေခံနေကြသည်။ (ဓာတ်ပုံ-သောင်းဝင်းမိုးလ်)**



**ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာစိုက်ကွင်းတွင် ကျင်းပသော ရွှေရင်အေး နွေစပါး ကောက်ရိတ်သိမ်းပွဲ၌ ပဒေါင်တိုင်းရင်းသူများကလည်း ဤသို့ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။ (ဓာတ်ပုံ-သောင်းဝင်းမိုးလ်)**